မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ



# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ



ဒို့တာဝန်အရေးသုံးပါး

♦ ပြည်ထောင်စုမပြိုကွဲရေး။

♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။

♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၄၄)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၂၈ ရက်၊ စနေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကျင်းပပြုလုပ်

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးစဉ်။

နေပြည်တော် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကို ယနေ့ ညပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဦးစွာ စစ်ရေးပြအခမ်းအနားတွင်ပါဝင်ချီတက်ကြမည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြစစ်ကြောင်းကြီးများအလိုက် သစ်တပ်စစ်ရေးပြကွင်း၌ စတင်စုရုံးရောက်ရှိနေရာယူကြပြီး စစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ **စာမျက်နှာ ၁၆ ကော်လံ ၁** ✯

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

## အမိမြေအတွက် ဆက်လက်အောင်ပွဲချီ

စာ - ၈ သို့

## (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

စာ - ၁၂ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၂၈ ရက်)

### နိုင်ငံတော်၏အနာဂတ်လမ်းကြောင်းဖြောင့်ဖြူးသာယာရေး

တပ်မတော်နေ့ဆိုသည်မှာ တပ်မတော်နှင့်ပြည်သူလက်တွဲ၍ ဖက်ဆစ်စနစ်ကိုတော်လှန်ခဲ့သော ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ကိုအထိမ်းအမှတ်ပြု၍ နှစ်စဉ်ကျင်းပမြဲဖြစ်သောနေ့ကိုခေါ်ဝေါ်ခြင်းဖြစ်သည်။ ရဟန်းရှင်လူတိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် တပ်မတော်နှင့်လက်တွဲကာ ဖက်ဆစ်များကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ပြည်သူလူထု၏စည်းလုံးညီညွတ်မှုအားသည် အားရကျေနပ်ဖွယ်ကောင်းအောင် အောင်မြင်မှုရခဲ့သည်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့အပေါ်ကျရောက်နေသည့် အန္တရာယ်ရန်စွယ်မှန်သမျှကို တပ်မတော်သည်ပြည်သူနှင့်လက်တွဲကာ အောင်ပွဲရသည်အထိ တိုက်ထုတ်နိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ကောင်းသည့်သမိုင်းမှတ်တမ်းဖြစ်သည်။

တပ်မတော်အနေဖြင့် ဖက်ဆစ်စနစ်ကိုတော်လှန်ခဲ့သော ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့ကို တပ်မတော်နေ့အဖြစ်သတ်မှတ်ကာ နှစ်စဉ်တပ်မတော်နေ့အခမ်းအနားကိုကျင်းပခဲ့ခြင်းဖြစ်သည်။ တပ်မတော်သည် လွတ်လပ်ရေးကင်းမဲ့နေသောမြန်မာနိုင်ငံကို လွတ်လပ်ရေးရရှိအောင် ဦးဆောင်ကြိုးပမ်းအကောင်အထည်ဖော်နိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်ရဲဘော်သုံးကျိပ်တို့ဦးဆောင်ကာ ဗမာ့(မြန်မာ့)လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် စတင်ဖွဲ့စည်းပြီး ထိုမှစတင်ကာ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ၊ ဖက်ဆစ်တော်လှန်ရေးတိုက်ပွဲများကို ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသည်။

တပ်မတော်နှင့်တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားကြောင့် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိပြီးနောက် ပြည်တွင်းသောင်းကျန်းမှုချေမှုန်းရေးတိုက်ပွဲများ၊ ပြည်ပကျူးကျော်မှုချေမှုန်းရေးတိုက်ပွဲများကို ဆက်လက်တိုက်ပွဲဝင်ခဲ့ရပြန်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးစနစ်များ အမျိုးမျိုးပြောင်းလဲခဲ့သော်လည်း တပ်မတော်သည် အမျိုးသားနိုင်ငံရေးကိုသာ တစိုက်မတ်မတ်စွဲကိုင်ထားခဲ့သည်။ တပ်မတော်သည် အမျိုးသားရေးကိုဘယ်တော့မှသစ္စာမဖောက်ခဲ့သည့်အတွက် မြန်မာနိုင်ငံတွင် နိုင်ငံတော်ပြိုကွဲပျက်စီးမည့်အရေးများနှင့်ကြုံလေတိုင်း တပ်မတော်ကဦးဆောင်ကာ အခြေအနေကောင်းများဆီသို့ ဖန်တီးစွမ်းဆောင်ပေးခဲ့သည်။ ကျစ်လျစ်ခိုင်မာ၍စည်းလုံးညီညွတ်မှုရှိသောတပ်မတော်တစ်ရပ်ရှိနေခြင်းမှာ မြန်မာနိုင်ငံအတွက် အလွန်ကံကောင်းခြင်းဟုဆိုနိုင်သည်။

ယနေ့အချိန်အခါတွင်၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကနေ ပြည်သူများ၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်ခံထားရသည့် ပြည်သူ့ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များနှင့်ဖွဲ့စည်းထားသော လွှတ်တော်အသီးသီးပေါ်ပေါက်လာခဲ့ပြီဖြစ်သည်။ တတိယအကြိမ် အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့်ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကြီးများကို ထည်ဝါခံ့ညားစွာကျင်းပနေပြီဖြစ်သည်။ ထို့အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း လွှတ်တော်အစည်းအဝေးများကျင်းပလျက်ရှိသည့်မြင်ကွင်းအားလုံးမှာ စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်သို့ အောင်မြင်စွာလျှောက်လှမ်းနေသည့်မြင်ကွင်းများဖြစ်သည်။ လွှတ်တော်အသီးသီးတွင် တပ်မတော်သား ၂၅ ရာခိုင်နှုန်းပါဝင်လျက်ရှိသည်မှာ နိုင်ငံတော်နှင့်ပြည်သူတို့၏ကောင်းကျိုးကိုပိုမိုသယ်ပိုးရန်ဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ကိုဦးဆောင်တာဝန်ယူချိန်အတွင်း အခက်အခဲပေါင်းများစွာကိုရင်ဆိုင်ခဲ့ရသည်။ အဆိုပါရင်ဆိုင်ရသည့်အခက်အခဲများတွင် ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်ကဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးသည်လည်းပါဝင်သည်။ အဆိုပါငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်ဆောင်ရွက်ပေးမှုများတွင် လွှတ်တော်အဆောက်အအုံများပါဝင်သဖြင့် ယခုလိုလွှတ်တော်အစည်းအဝေးများကိုအောင်မြင်စွာကျင်းပနိုင်ခြင်းဖြစ်သည်။ “နိုင်ငံတော်ရဲ့အခြေအနေနဲ့ လိုက်လျောညီထွေစွာ၊ နိုင်ငံသားတွေရဲ့ဂုဏ်တွေနဲ့လိုက်လျောညီထွေစွာ ဒီလိုခံ့ညားထည်ဝါတဲ့ လွှတ်တော်အဆောက်အအုံကြီးတွေကိုပြုပြင်တည်ဆောက်ပေးတာ၊ လွှတ်တော်ကိုယ်စားလှယ်များရောက်ရှိလာတဲ့အခါမှာ အစစအရာရာလိုလေသေးမရှိအောင်ကြိုတင်မြော်တွေးပြီး ဆောင်ရွက်ပေးခဲ့တာတွေအတွက် ပြည်ထောင်စုလွှတ်တော်က နိုင်ငံတော်အစိုးရ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီကို ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း” ပြည်ထောင်စုလွှတ်တော်နာယကက မတ်လ ၂၀ ရက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် နိုင်ငံတော်၏အနာဂတ်လမ်းကြောင်းဖြောင့်ဖြူးသာယာရေးကို ဦးလည်မသုန် ထမ်းဆောင်လျက်ရှိပါကြောင်းရေးသားလိုက်ရပေသည်။ ။

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေလေ့လာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကိုထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့အား အများပြည်သူမည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုအပန်းဖြေလေ့လာနိုင်ရန် တပ်မတော်ပန်းခြံအား **မတ်လ ၂၇ ရက်မှ ၃၁ ရက်အထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲအထိ** ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ**

## သုတရင်ခွင်စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မတ် ၂၇

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ဖျာကျေးရွာ၌ သုတရင်ခွင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ဇေယျာသီရိမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ဇံက အဖွင့်အမှာစကားပြောကြားပြီး ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက ကျေးလက်နေပြည်သူများ စာပေနှင့်ရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် စာအုပ်စာပေများကို လွယ်ကူစွာ လေ့လာဖတ်ရှုနိုင်စေရန်၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာ၊ အတတ်ပညာများစွာရရှိလာစေရန်ရည်ရွယ်၍ ယခုလိုစာကြည့်တိုက်များ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သုတရင်ခွင်စာကြည့်တိုက်အဆောက်အအုံသစ်အား ဇေယျာသီရိမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ဇံ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြစန်းရီနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက နေပြည်တော်စာကြည့်တိုက်များဖောင်ဒေးရှင်းမှလှူဒါန်းသည့် စာအုပ်စာစောင်များအား သက်ဆိုင်ရာကျေးရွာတာဝန်ရှိသူများကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ (၄၀၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၃-၂၀၂၆ (စနေနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၇:၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၃။ ၀၈:၄၀ မောင်မယ်လေးများသိစေချင်
၄။ ၀၉:၂၀ လူတိုင်းကျန်းမာသိမှတ်စရာ
၅။ ၁၀:၃၀ စာပေနှင့်အနုပညာသတင်း
၆။ ၁၁:၁၅ ပြည်သူ့ကြားက ပြည်သူ့စကား
၇။ ၁၂:၃၀ လေးစားအတုယူစရာ စံနမူနာသူရဲကောင်းများ
၈။ ၁၃:၁၅ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၉။ ၁၄:၁၅ ကျန်းမာသုတ
၁၀။ ၁၅:၁၅ ခရီးလည်းသွား စကားလည်းဆို
၁၁။ ၁၅:၅၀ ဇာတ်လမ်းတို
၁၂။ ၁၈:၄၀ နိုင်ငံတော်အတွက်အား MSME လုပ်ငန်းများ
၁၃။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း စောင်နီလေးတစ်ထည် (ဇာတ်သိမ်းပိုင်း) သရုပ်ဆောင်-ရန်အောင်၊ စိုးမြတ်သူဇာ၊ နကွတ်၊ စိုးမြတ်နန္ဒာ ဒါရိုက်တာ-တင်အောင်စိုး(ပန်းမြို့တော်)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၈-၃-၂၀၂၆(စနေနေ့)

၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့
၂။ ၀၈:၂၀ Morning Songs
၃။ ၁၁:၅၀ စိုက်မွေးသုတ
၄။ ၁၄:၅၀ Business Tips
၅။ ၁၆:၀၀ Holiday Vibes
၆။ ၂၁:၄၀ ဇာတ်လမ်းအသွင်တေးသံစဉ်

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ ကျေးရွာတွင်းဂဝံလမ်းသစ်ဖွင့်ပွဲကျင်းပ



**ဒိုက်ဦး မတ် ၂၇**

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဒိုက်ဦးမြို့နယ် ပလစ်ကျေးရွာ၌ မတ်လ ၂၆ ရက်တွင် ကျေးရွာတွင်းဂဝံလမ်းသစ် ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ညောင်လေးပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ပလစ်ကျေးရွာ၌ ဂဝံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်ဦးစီးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများက ဂဝံလမ်းသစ် မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါဂဝံလမ်းသစ်ကို ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သန်း စုစုပေါင်းငွေကျပ်သန်း ၆၀ ဖြင့် လမ်းအရှည် ပေ ၄၈၀၀၊ အကျယ် ၁၂ ပေ၊ ထု ၆ လက်မဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မောင်ခိုင်

# အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း ဆင်းပွဲကျင်းပ

**မြိတ် မတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ မတ်လ ၂၆ ရက်တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ် (၁၁)သင်တန်းဆင်းပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက သင်တန်းဆင်းအမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်စုမြတ်အေးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးက သင်တန်းတွင် ထူးချွန်ဆုရရှိသော မြိတ်မြို့နယ်မှ မသင်းသင်းရွှေစင်အား အပ်ချုပ်စက်တစ်စုံကို ပေးအပ်သည်။

ထို့နောက် ကျောင်းအုပ်ကြီး ဒေါ်စုမြတ်အေးက သင်တန်းဆင်းလက်မှတ်များပေးအပ်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူပြီး မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများက သင်တန်းသူများချုပ်လုပ်ထားသည့်ဒီဇိုင်းလက်ရာများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၅ ဦး တက်ရောက်ပြီး သင်တန်းကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်မှ မတ်လ ၂၆ ရက်အထိ ၂၂ ပတ်ကြာ သင်ကြားခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

# ညောင်ဦးခရိုင်အတွင်းရှိ ကြက်သွန်နီ စိုက်ပျိုးခင်းများ စတင်နုတ်သိမ်း

**ညောင်ဦး မတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်အတွင်းရှိ ညောင်ဦးမြို့နယ် ကြအိုကျေးရွာ၊ လက်ထုပ်ကျေးရွာ၊ တောင်ဖက်တန်းကျေးရွာ၊ သဖန်းကုန်းကျေးရွာ၊ သစ်ထောင့်ကျွန်းကျေးရွာ၊ အထက်ညဥ့်ကျေးရွာ၊ အောက်ညဥ့်ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကြက်မောက်တောင်ချောင်းနှင့် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများ၌ မတ်လ ၂၇ ရက်တွင် ကြက်သွန်များ စတင်နုတ်သိမ်းနေပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် မုန့်ကုန်းကျေးရွာ ကြက်သွန်နီစိုက်ပျိုးတောင်သူဦးလှနိုင်ထံမှ သိရသည်။

ကြက်သွန်စိုက်ပျိုးရာ၌ သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် ပျိုးထောင်ကြကာ ကြက်သွန်ပျိုးသက် ရက်ပေါင်း ၄၅ ရက်ရှိလျှင် ကြက်သွန်စိုက်မည့် စိုက်ခင်းထဲသို့ ရွှေ့ပြောင်းစိုက်ရကြောင်း၊ ကြက်သွန်စိုက်ချိန်တွင် ထွန်စက်ဖြင့်ထွန်ခြင်း၊ နွားရှည်ဖြင့် ထွန်ခြင်းတို့ဖြင့် မြေညက်နေစေရန်ထွန်ရကြောင်း၊ ထွန်ယက်ပြီး မြေဆီအတွက် နွားချေး၊ ဆိတ်ချေး၊ ကြက်ချေးတို့ကို အသုံးပြုကြကြောင်း၊ နှမ်းဖတ်၊ ပဲဖတ်မှုန့်များကြဲဖြန့်ပေးရကြောင်း၊ ကြက်သွန်စိုက်ပြီး တစ်လခွဲခန့်ကြာလျှင် ကြက်သွန်အပင်ဖြစ်ထွန်းမှု အခြေအနေကြည့်၍ ရွက်ဖျန်းဆေး၊ ပုလဲ ခေါ် ယူရီးယားဓာတ်မြေဩဇာပက်ရကြောင်း၊ ကြက်သွန်စိုက်ပျိုးရာတွင် နုတ်သိမ်းမည့် ၁၅ ရက်အလိုထိ နံနက်ညနှစ်ကြိမ် ရေဖျန်းပေးရကြောင်းနှင့် ကြက်သွန်နီပျိုးထောင်ချိန်မှနုတ်သိမ်းသည်အထိ ငါးလခန့်ကြာမြင့်ကြောင်း ကျောက်ပန်းတောင်းမြို့နယ် မုန့်ကုန်းကျေးရွာ ကြက်သွန်စိုက်ပျိုးတောင်သူဦးနေမျိုးထွန်းကရှင်းပြကြောင်း သိရသည်။

ဒီပါလင်း



**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ။**

## သမိုင်းစဉ်ဂုဏ်ရောင်ဝင်း ထွန်းလင်းသည့်တပ်မတော်

- မဟာဆီ ဓာနည်အသည်းနှင့်
  ဘာမထီရဲသည့် ဓာနည်တွေ။
  ဇာတိမာန် တန်ခိုးအား
  တိုးပွားရာမြေ။
  ကမ္ဘာနှင့် ယှဉ်ကြည့်လေ
  အစဉ်ရှိနေမည့် သမိုင်းကောင်း။
  မြန်မာပီသည့် သွေးမျိုးနှင့်
  ရေးထိုးခဲ့ကြောင်း။
- အသိဉာဏ် တရားဖက်
  ဓားထက်သည့် တို့မြန်မာ။
  ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး
  မညှိုးရန်ကာ။
  မျိုးချစ်စိတ်ယှဉ်စွာ
  အစဉ်အလာ ချစ်ကြည်ရေး။
  သတ္တိလျှံ ကဲမောက်
  ရဲတောက်သည့်သွေး။
- ဇာတိမာန် အစဉ်နိုးကြား
  ရိုးသားသည့် ဂုဏ်အင်။
  သစ္စာတည် နည်းထုံး
  စည်းလုံးချစ်ကြင်။
  သမိုင်းမှာ စံတင်
  ရာဇဝင်မှာ ပေါ်ထွန်း။
  တို့မြန်မာ ရွှေပြည်သစ်
  တည်ရစ်မော်ကွန်း။
- ပြည်သူကို အရေးထား
  လေးစားသည့် တပ်မတော်။
  သမိုင်းစဉ် ဂုဏ်ရောင်ဝင်း
  ထွန်းလင်းစေသော်။
  ချီတက်ခဲ့ တူပျော်ပျော်
  ညီစေနော် တွဲလက်များ။
  တပ်မတော်နှင့် ပြည်သူအမြဲ
  အောင်ပွဲမြင့်မား။
- အေးအတူ ပူအမျှ
  တူတကွ ပျော်ရွှင်။
  ပြည်သူနှင့် ပြည်သူ့တပ်
  လေးမြတ်ချစ်ကြင်။
  ညီတူသည့် ဖြစ်အင်
  အပြစ်မမြင် သက်ဆုံး။
  သွေးတူရာ အကြောင်းပြု
  ပေါင်းစုချည်ထုံး။

ပြည်စိုးညိမ်း

● စာမျက်နှာ ၅ မှအဆက်
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများသည် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များနှင့် အတူ လက်ဖက်ရည်နှင့်စားသောက်ဖွယ်ရာများ အတူတကွသုံးဆောင်ကြသည်။

ယခု ၂၀၂၆ ခုနှစ်တွင် ကျရောက်သော (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားသို့တက်ရောက်ရန် ရောက်ရှိနေသည့် လွတ်လပ်ရေးမော်ကွန်းဝင် ပုဂ္ဂိုလ်များဖြစ်ကြသည့် လွတ်လပ်ရေး မော်ကွန်းဝင် တတိယအဆင့် ဦးအေးသိန်း သည် အသက် ၉၈ နှစ်၊ လွတ်လပ်ရေး မော်ကွန်းဝင် ဒုတိယအဆင့် ဦးကျော်စိန် သည် အသက် ၁၀၁ နှစ်နှင့် လွတ်လပ်ရေး မော်ကွန်းဝင် တတိယအဆင့် ဦးဉာဏ်အေး သည် ၁၀၂ နှစ်တို့ဖြစ်ကြပြီး ကျန်းမာ သန့်စွမ်းလျက်ရှိကြောင်းနှင့် ဂျပန်ခေတ် တော်လှန်ရေးများတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့မှုများကို ပြန်လည် ပြောပြရင်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ရှင်သန်ကိန်းအောင်းလျက်ရှိကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် မလိခပန်းဥယျာဉ်ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက မလိခပန်းဥယျာဉ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးတို့ မလိခပန်းဥယျာဉ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နေပြည်တော် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စနစ်ကျလှပသော လူမှုပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်စေရန်၊ ပြည်သူများစိတ်လက်ကြည်သာစွာအပန်း ဖြေအနားယူနိုင်စေရန်၊ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပပြီး (၁၂)လရာသီ ပတ်လုံး ပန်းများဖြင့်ဝေဆာဖူးပွင့်နေစေရန် ရည်ရွယ်ပြီး ကချင်ပြည်နယ်၊ မြစ်ကြီးနား မြို့၊ ပမ္မတီးရပ်ကွက်အတွင်း၌ အများ ပြည်သူအပန်းဖြေလည်ပတ်စရာနေရာ တစ်ခုအဖြစ် မြေဧရိယာ(၆ ဒသမ ၈) ဧကအကျယ်ရှိ မလိခပန်းဥယျာဉ်သစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါနေရာ၌ ကျင်းပပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင်/မြို့နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများနှင့်ဒေသခံတိုင်းရင်း သားပြည်သူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့် အမှာစကားပြောကြားသည်။ ထို့နောက် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက အဆိုပါ ပန်းဥယျာဉ်ဆောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ပန်းဥယျာဉ်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပန်းဥယျာဉ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပန်းဥယျာဉ်အား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၇

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှု များဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသ ကြီးနှင့်ပြည်နယ်အသီးသီးရှိ တပ်မတော် ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစု များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ အပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသ ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဆေးကုသမှု ခံယူနေသူတစ်ဦးအား ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှု ခံယူနေသူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ တပ်မတော်ဆေးရုံနှင့် ဧရာဝတီတိုင်းဒေသ ကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း တို့၌ တက်ရောက်ဆေးကုသမှုခံယူလျက် ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင် များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှု ထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူ များအား တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူး များနှင့်တာဝန်ရှိသူများက သွားရောက် ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ က ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက် ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ် သည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံအသီးသီးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်းသတင်း ရရှိသည်။

(၁၀၀)

## (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်များက စုပေါင်းသွေးလှူဒါန်း

နေပြည်တော် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် များက စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ကျင်းပပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်များနှင့် သွေးအလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ သွေးအလှူရှင်များအား လိုအပ် သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်းနှင့် သွေးအုပ်စုခွဲခြားခြင်း များဆောင်ရွက်ပေးသည်။ ထို့နောက် သွေးအလှူရှင်များက သတ်မှတ်နေရာ အသီးသီး၌ စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့သွေးလှူဒါန်းနေမှုများကို တိုင်းမှူး နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှု အားပေးပြီး အာဟာရဖြည့်စားသောက် ဖွယ်ရာများကိုပေးအပ်ခဲ့ကြောင်း သတင်း ရရှိသည်။

(၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် တိုင်းစစ် ဌာနချုပ်မှ အရာရှိ၊ စစ်သည်များ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

## အသက်သည်သွေး၊ သွေးသည်အသက်



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း သူရဲကောင်းဗိမာန်(နေပြည်တော်)ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။

▲ ကျောဖုံးမှအဆက်
ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူထွန်းအောင်၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန်အတွင်းနှင့် ရင်ပြင်တွင်နေရာယူကြကာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပန်းခြင်းချပြီး တက်ရောက်လာကြသည့်တပ်မတော်အရာရှိကြီးများနှင့်အတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် အသက်စွန့်လွှတ်ပေးလှူခဲ့ရသည့် သူရဲကောင်းစစ်သည်များအား အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်တက်ရောက်လာကြသည့်တပ်မတော်အရာရှိကြီးများသည် သူရဲကောင်းဗိမာန်(နေပြည်တော်) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြပြီး သူရဲကောင်းဗိမာန်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ သူရဲကောင်းဗိမာန်(နေပြည်တော်)ကို နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်ကိုစွန့်လွှတ်ခဲ့ရသည့် မြန်မာသူရဲကောင်းများကို ဂုဏ်ပြုရန်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်စွာအုပ်ချုပ်ခွင့်ရရှိပြီးသည့်နောက် အသိအမှတ်ပြုဖွယ်ရာ ရဲစွမ်းသတ္တိရှိစွာ ကြိုးစားအားထုတ်မှုများပြုလုပ်ရာတွင် အသက်ကိုစွန့်လွှတ်ခဲ့သည့်သူရဲကောင်းများကို ဂုဏ်ပြုရန်၊ ယင်းသူရဲကောင်းများအား နောင်လာနောက်သားများ အမြဲအမှတ်ရနေစေရန်နှင့် မျိုးဆက်သစ်လူငယ်များ၏ စိတ်ထဲတွင် နိုင်ငံတော်ကိုချစ်သည့်စိတ်နှင့် နိုင်ငံတော်အတွက်စွန့်လွှတ်စွန့်စားလိုသည့်စိတ်ဓာတ်များ ရှင်သန်ကိန်းအောင်းလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဗိမာန်အတွင်းနံရံများ၌ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရင်း အသက်စွန့်လွှတ်ပေးလှူခဲ့ရသည့် အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူ၊ သီဟသူရဘွဲ့ရရှိခဲ့သူ၊ သူရဘွဲ့ရရှိခဲ့သူ၊ သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရရှိခဲ့သူများ၏အမည်များကို ဂရင်းနိုက်ကျောက်ပြားပေါ်၌ ရွှေစာလုံးများဖြင့် ရေးထွင်းမှတ်တမ်းတင် ဂုဏ်ပြုထားရှိကြောင်းနှင့် ဗိမာန်၏အပြင်ဘက်တွင်လည်း အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူစစ်သည် ၅ ဦးနှင့်အရပ်သားတစ်ဦးတို့၏ ပုံတူများကို ဂုဏ်ပြုစိုက်ထူထားရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ ဂါရဝပြုတွေ့ဆုံစဉ်။

နေပြည်တော် မတ် ၂၇

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ကြမည့်လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ် ဒုတိယအဆင့် ၁ ဦးနှင့် တတိယအဆင့် ၂ ဦး စုစုပေါင်း ၃ ဦးတို့အား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ဖက်ရည်ဝိုင်းဖြင့်တည်ခင်းဧည့်ခံ၍ ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်သည့် ဂါရဝပြုချီးမြှင့်ငွေနှင့်အားဖြည့်ဌက်သိုက်များကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လွတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယအဆင့်) ဦးကျော်စိန်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဂုဏ်ပြုပေးအပ်သည့် ဂါရဝပြုချီးမြှင့်ငွေနှင့်အားဖြည့်ဌက်သိုက်များကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လွတ်လပ်ရေးမော်ကွန်းဝင်(တတိယအဆင့်) ဦးအေးသိန်းအား ဂါရဝပြုပေးအပ်စဉ်။

ကျော်စွာလင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများက လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များ၏ ကျန်းမာရေးအခြေအနေများအား တစ်ဦးချင်း မေးမြန်းအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုပေးအပ်သည့် ဂါရဝပြုချီးမြှင့်ငွေတစ်ဦးလျှင် ငွေကျပ်သိန်း ၅၀ နှင့် အားဖြည့်ဌက်သိုက်များကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ စာမျက်နှာ ၄ သို့ ●

# ၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်တွင်ကျင်းပသော (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြောကြားသည့်မိန့်ခွန်း

**ရဲဘော်တို့**

ဒီနေ့ဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းနဲ့အတူ ယှဉ်တွဲပေါ်ပေါက်လာတဲ့ ဒို့တပ်မတော်ရဲ့(၈၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်တယ်။ တစ်နည်းအားဖြင့်ပြောရရင် နယ်ချဲ့စနစ်ကို တိုက်ထုတ်ပြီးခဲ့တဲ့နောက် ဒို့နိုင်ငံရဲ့ ပြည်သူတွေအပေါ်မှာ ဖိစီးနှိပ်စက်နေတဲ့ ဖက်ဆစ်ဝါဒီတွေကို တပ်မတော်နဲ့ပြည်သူပူးပေါင်းပြီး အောင်မြင်စွာ စတင်တွန်းလှန်ခဲ့တဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်ကိုဂုဏ်ပြုတဲ့ နေ့ထူးနေ့မြတ်လည်းဖြစ်တယ်။ နိုင်ငံတော်နဲ့ တပ်မတော်အတွက် ဒီလိုထူးခြားလေးနက်တဲ့ တပ်မတော်နေ့မှာ ရဲဘော်တို့ကို သိသင့်သိထိုက်တာတွေ လေးလေးနက်နက် မှာကြားသွားမှာဖြစ်တယ်။



**ရဲဘော်တို့**

ဒို့နိုင်ငံဟာ ရှေးပဝေသဏီကတည်းက ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ကမ္ဘာ့အလယ်မှာ ခမ်းနားထည်ဝါစွာ ရပ်တည်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်။ ဒါပေမဲ့ ၁၉ ရာစုအတွင်းမှာ အင်္ဂလိပ်တို့ရဲ့ အကြောင်းပြချက်အမျိုးမျိုးနဲ့ မတရားကျူးကျော်သိမ်းပိုက်မှုကိုခံခဲ့ရပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာလက်လွှတ်ဆုံးရှုံးခဲ့ရတယ်။ ဒါကြောင့် ဆုံးရှုံးသွားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်ရယူဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်တဲ့ ရဲဘော်သုံးကျိပ်တို့ဟာ ဂျပန်တွေထံမှာ စစ်ပညာသင်ကြားခဲ့ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် (BIA) ကို စတင်ဖွဲ့စည်းပြီး နယ်ချဲ့အင်္ဂလိပ်ကို ပြည်သူလူထုရဲ့ပူးပေါင်းပါဝင်မှုနဲ့ တိုက်ထုတ်ခဲ့ကြတယ်။

အင်္ဂလိပ်တို့ ဆုတ်ခွာထွက်ပြေးသွားချိန်မှာ ဂျပန်တို့က လွတ်လပ်ရေးပေးမယ်ဆိုတဲ့ကတိကို ပျက်ကွက်ခဲ့တဲ့အပြင် တပ်မတော်ကိုလည်း အင်အားလျှော့ချခဲ့တယ်။ နောက်ပိုင်းမှာ အတုအယောင်ရွှေရည်စိမ် လွတ်လပ်ရေးပေးခဲ့ပြီး ပြည်သူတွေအပေါ်မှာ မမျှော်လင့်ဘဲ ဆိုးရွားစွာ နှိပ်စက်မှုတွေ ပြုလုပ်လာခဲ့တာကြောင့် ဒို့တပ်မတော်အနေနဲ့ ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်မှာ သမိုင်းဝင်ဖက်ဆစ်တော်လှန်ရေးကြီးကို ပြည်သူလူထုနဲ့အတူ လက်တွဲဆင်နွှဲခဲ့ကြတယ်။ အဲဒီအချိန်ကစပြီး တပ်မတော်ဟာ မြန်မာနိုင်ငံကို တိုင်းတစ်ပါးအုပ်စိုးမှုအောက်မှ အပြီးတိုင် လွတ်လပ်ရေးရရှိအောင် ဆောင်ရွက်ပေးခဲ့တယ်။

လွတ်လပ်ရေးဆိုတာ အချုပ်အခြာအာဏာပိုင်ခြင်းဖြစ်ပြီး ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့ အာဏာကြီး ၃ ရပ်ကို နိုင်ငံသားတိုင်းက ကိုယ့်တိုင်းပြည်အခြေအနေနဲ့ကိုက်ညီအောင် လွတ်လွတ်လပ်လပ် ဆုံးဖြတ်ပြဋ္ဌာန်းပြီး စီမံဆောင်ရွက်ပိုင်ခွင့်ရှိမှုပဲဖြစ်တယ်။ ဒါကြောင့် အသက်၊ သွေး၊ ချွေး ဆုံးရှုံးမှုပေါင်းများစွာနဲ့ရယူခဲ့တဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရမှာက ဒို့တပ်မတော်သားတွေအပါအဝင် နိုင်ငံသားအားလုံးရဲ့ မွေးရာပါ သမိုင်းပေးတာဝန်ဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ လွတ်လပ်ရေးရပြီးစ အချိန်ကတည်းကစပြီး နယ်ချဲ့အင်္ဂလိပ်တို့ရဲ့ သွေးခွဲအုပ်ချုပ်မှုတွေကြောင့် သမိုင်းတစ်လျှောက် စုစုစည်းစည်းနေထိုင်ခဲ့ကြတဲ့ တိုင်းရင်းသားတွေရဲ့ အထင်အမြင်လွဲမှားမှု၊ နိုင်ငံရေးအယူအဆကွဲပြားမှုနဲ့ တိုင်းရင်းသားအရေးတို့ကို အခြေခံတဲ့ ပြည်တွင်းသောင်းကျန်းမှုတွေပေါ်ပေါက်လာပြီး ပူပူနွေးနွေးရရှိထားတဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို ပြန်လည်မဆုံးရှုံးရစေဖို့အတွက် ဒုတိယဗိုလ်ချုပ်ကြီးစမစ်ဒွန်း၊ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်တဲ့ တပ်မတော်ဟာ အသက်၊ သွေး၊ ချွေးများစွာပေးဆပ်ကာကွယ်ပေးခဲ့တယ်။ အဲဒီလို ပြည်တွင်းရောင်စုံသောင်းကျန်းသူတွေကို နှိမ်နင်းနေစဉ်မှာပဲ တစ်ပြိုင်တည်းပေါ်ပေါက်လာတဲ့ တရုတ်ဖြူ ကူမင်တန်တွေနဲ့ မူဂျာဟစ်ကုလားဆိုးတွေရဲ့ ပြည်ပကျူးကျော်မှုအန္တရာယ်တွေကိုလည်း ဒို့တပ်မတော်က စွန့်လွှတ်စွန့်စားတဲ့စိတ်နဲ့ ကာကွယ်နှိမ်နင်းခဲ့ကြရတယ်။

ဒါ့အပြင် နိုင်ငံတော်အတွက် အန္တရာယ်ကြီးမားတဲ့ အရေးကိစ္စတွေနဲ့ ကြုံတွေ့ခဲ့ရချိန်တိုင်းမှာ တပ်မတော်အနေနဲ့ မှန်ကန်တဲ့ရပ်တည်ချက်၊ မှန်ကန်တဲ့ အမျိုးသားရေးခံယူချက်တို့နဲ့အတူ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ပေးခဲ့တယ်။ ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ထိပါးလာမယ့် အန္တရာယ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရတိုင်း နိုင်ငံတော်နဲ့ပြည်သူတို့ရဲ့ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ကာကွယ်ပေးခဲ့သလို နောင်အနာဂတ်ကာလမှာလည်း ဆက်လက်ကာကွယ်စောင့်ရှောက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံဟာ လွတ်လပ်ရေးမဆုံးရှုံးခင်ကာလက ဘုရင့်နိုင်ငံအဖြစ် ရပ်တည်လာခဲ့ကြပေမယ့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းမှာတော့ ပါလီမန်ဒီမိုကရေစီစနစ်အပါအဝင် ပုံစံအမျိုးမျိုးနဲ့ တိုင်းပြည်ကိုတည်ဆောက်ခဲ့ကြတယ်။ ဆိုရှယ်လစ်စနစ်နဲ့ တိုင်းပြည်ကို ခိုင်မာတဲ့ပြည်ထောင်စုနိုင်ငံကြီးအဖြစ် တည်ဆောက်နေခဲ့တဲ့အချိန်မှာလည်း အချို့သောအားနည်းချက်၊ ပြည်တွင်းပြည်ပက သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှုအရေးအခင်းများနဲ့ ကြုံတွေ့လာရပြီး ၁၉၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကိုရယူခဲ့ရတယ်။ အဲဒီအချိန်ကစပြီး ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်တဲ့ တပ်မတော်ဟာ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံအုတ်မြစ်တွေကို ချမှတ်ဖော်ဆောင်ပေးခဲ့သလို ပြည်သူများလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဈေးကွက်စီးပွားရေးတို့ကို ဖော်ဆောင်ဖို့ မရှိမဖြစ်လိုအပ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ရေးဆွဲပြဋ္ဌာန်းခဲ့တယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နဲ့အညီ ၂၀၁၀ ပြည့်နှစ်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြီး ပြည်သူများလိုလားတောင့်တတဲ့ ဒီမိုကရေစီစနစ်ကို ညင်သာငြိမ်းချမ်းစွာ ကူးပြောင်းနိုင်ရေး ဦးစီးဆောင်ရွက်ပေးနိုင်ခဲ့တယ်။ ဒါပေမဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ NLD အစိုးရရဲ့ ဆိုးရွားစွာပြုလုပ်ခဲ့တဲ့ မဲမသမာမှုတွေကြောင့် ရွေးကောက်ခံကိုယ်စားလှယ်တွေဟာ ဘယ်လိုမှ တရားဝင်ရပ်တည်နိုင်မှုမရှိတဲ့အတွက် ဒို့တပ်မတော်အနေနဲ့ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်ကို ခေတ္တရယူထိန်းသိမ်းခဲ့ရတယ်။ ဒီလိုထိန်းသိမ်းခဲ့ရခြင်းဟာ တပ်မတော်အနေနဲ့ ပြည်သူအများလိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ပေးရမယ့်တာဝန်အရ ဆောင်ရွက်ခဲ့ရခြင်းသာဖြစ်တယ်။ လက်ရှိအချိန်မှာ ဒို့တပ်မတော်အနေနဲ့ ပေးထားတဲ့ကတိအတိုင်း ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပခဲ့ပြီးဖြစ်လို့ ဒို့တပ်မတော်အနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ခိုင်မာစေရေးအတွက် ရွေးကောက်ပွဲကတစ်ဆင့် အသစ်ပေါ်ထွန်းလာမယ့် အစိုးရသစ်ကို အထောက်အကူပြုဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတစ်နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ အဲဒီနိုင်ငံရဲ့ ရေရှည်အကျိုးစီးပွားကို ဖော်ဆောင်နိုင်ဖို့အတွက် ဖြစ်သင့်ဖြစ်ထိုက်တာတွေကို ဦးတည်ရေးဆွဲပြီးပြဋ္ဌာန်းရတဲ့ ပင်မဥပဒေတစ်ရပ်ဖြစ်တယ်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံရဲ့ ပေါ်ပေါက်လာပုံ၊ သမိုင်းကြောင်းနောက်ခံအနေအထား၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံရေး၊ စီးပွားရေးနဲ့ **စာမျက်နှာ ၇ သို့** ◆

- **လွတ်လပ်ရေးဆိုတာ အချုပ်အခြာအာဏာပိုင်ခြင်းဖြစ်ပြီး ဥပဒေပြုရေး၊ တရားစီရင်ရေးနဲ့ အုပ်ချုပ်ရေးဆိုတဲ့အာဏာကြီး ၃ ရပ်ကို နိုင်ငံသားတိုင်းက ကိုယ့်တိုင်းပြည်အခြေအနေနဲ့ ကိုက်ညီအောင် လွတ်လွတ်လပ်လပ်ဆုံးဖြတ်ပြဋ္ဌာန်းပြီး စီမံဆောင်ရွက်ပိုင်ခွင့်ရှိမှုပဲဖြစ် . . .**
- **ဒို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာလည်း တပ်မတော်ရဲ့အခန်းကဏ္ဍများကို ထည့်သွင်းဖော်ပြထားတာ၊ "ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ဖို့" တပ်မတော်ကိုတာဝန်ပေးထားတာတွေဟာ အတိတ်သမိုင်းစဉ်မှာ ကြုံတွေ့ခဲ့ရတဲ့ အားနည်းချက်တွေကို သင်ခန်းစာဖော်ထုတ်ပြီး ဒို့နိုင်ငံရဲ့ ပကတိအရှိတရားအရ မဖြစ်မနေလိုအပ်လို့ ထည့်သွင်းပြဋ္ဌာန်းထားတာဖြစ် . . .**
- **အမျိုးသားနိုင်ငံရေးဆိုတာ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါးအပေါ်မှာအခြေခံပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးစီးပွားကို အစဉ်ရှေးရှုဖော်ဆောင်ဖို့ရည်ရွယ်တဲ့ ထာဝရတည်မြဲတဲ့နိုင်ငံရေးပဲဖြစ် . . .**

◆ စာမျက်နှာ ၆ မှအဆက်

အခြားအခြေခံအချက်အလက်တွေကိုမူတည်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းရတာဖြစ်တယ်။ ဒို့နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှာလည်း တပ်မတော်ရဲ့အခန်းကဏ္ဍများကို ထည့်သွင်းဖော်ပြထားတာ၊ **"ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ဖို့"** တပ်မတော်ကို တာဝန်ပေးထားတာတွေဟာ အတိတ်သမိုင်းစဉ်မှာ ကြုံတွေ့ခဲ့ရတဲ့အားနည်းချက်တွေကို သင်ခန်းစာဖော်ထုတ်ပြီး ဒို့နိုင်ငံရဲ့ ပကတိအရှိတရားအရ မဖြစ်မနေလိုအပ်လို့ ထည့်သွင်းပြဋ္ဌာန်းထားတာဖြစ်တယ်။

ဒါ့အပြင် **"နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင်ဆောင်ရွက်နိုင်ရေးကို အစဉ်တစိုက်ဦးတည်သည်"** ဆိုတဲ့အချက်ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်းဟာလည်း အဆိုးမြင်ဝါဒီများ လှုံ့ဆော်နေသလို တပ်မတော်ဟာ နိုင်ငံရေးကိုဦးဆောင်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ ဒို့နိုင်ငံရဲ့ လိုအပ်ချက်အရ တပ်မတော်အနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ဖို့ ပြဋ္ဌာန်းထားခြင်းဖြစ်တယ်ဆိုတာကို ရဲဘော်တို့အနေနဲ့ သိရှိနားလည်ထားကြရမှာဖြစ်တယ်။ အမျိုးသားနိုင်ငံရေးဆိုတာ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး(၃)ပါး အပေါ်မှာအခြေခံပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့အကျိုးစီးပွားကို အစဉ်ရေးရှုဖော်ဆောင်ဖို့ ရည်ရွယ်တဲ့ ထာဝရတည်မြဲတဲ့နိုင်ငံရေးပဲဖြစ်တယ်။ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာတဲ့ ဒို့တပ်မတော်ရဲ့ ခေတ်အဆက်ဆက် အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုဟာ သမိုင်းပေးတာဝန်ဖြစ်တဲ့ ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်ရန်ပဲဖြစ်တယ်၊ ဒါကြောင့် ဒို့တပ်မတော်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့အကျိုးကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ကို အင်အားတောင့်တင်းပြီး တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိတဲ့ ခေတ်မီတပ်မတော်ဖြစ်စေရေးအတွက် ရည်မှန်းချက်ထားဖွဲ့စည်းတည်ဆောက်လျက်ရှိတယ်။ ဒီလိုတည်ဆောက်တဲ့နေရာမှာ တိုက်စွမ်းရည်ပြည့်ဝစေဖို့အတွက် လေ့ကျင့်ရေးဟာ အဓိကမဏ္ဍိုင်တစ်ခုဖြစ်တယ်။ ဒါကြောင့် စစ်သည်တစ်ဦးချင်းစီအလိုက် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုရှိရမယ့်အရည်အချင်းများနဲ့ တပ်ဖွဲ့တစ်ခုချင်းစီအလိုက် ရှိရမယ့်အရည်အချင်းများတိုးတက်လာအောင် **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ လေ့ကျင့်မှုတွေကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရမှာဖြစ်တယ်။ တိုက်စွမ်းအားပြည့်ဝစေဖို့ဆိုရင် ခေတ်မီစစ်လက်နက်ပစ္စည်းများကို တပ်ဆင်ပေးသွားရမှာဖြစ်ပြီး ဒီလိုတပ်ဆင်ပေးနိုင်ဖို့အတွက် ပြည်တွင်းမှာပဲ သုတေသနပြု တီထွင်ထုတ်လုပ်လျက်ရှိသလို လိုအပ်တဲ့ ဝယ်ယူဖြည့်တင်းမှုတွေလည်း ပြုလုပ်လျက်ရှိတယ်။

**ရဲဘော်တို့**

ဒို့တပ်မတော်ဟာ နိုင်ငံတော်အတွက် အားထားဖွယ်ရာအဖွဲ့အစည်းအဖြစ် ရပ်တည်နေနိုင်ခြင်းဟာ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတို့ကြောင့်ဖြစ်တယ်။ ဒို့တပ်မတော် စတင်သန္ဓေတည်ခဲ့တဲ့ BIA လက်ထက် မျိုးချစ်စိတ်ဓာတ်ပြင်းထန်မှု၊ BDA လက်ထက် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှုနဲ့ အမိန့်နာခံတတ်မှုတွေကို စနစ်တကျပေါင်းစပ်ပြီး ပြည်သူလူထုတစ်ရပ်လုံးနဲ့ ပူးပေါင်းတိုက်ခိုက်ခဲ့တာကြောင့် ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာဆင်နွှဲနိုင်ခဲ့တာပဲဖြစ်တယ်။ ဒါဟာ ဒို့တပ်မတော်ရဲ့ မှတ်ကျောက်တင်နိုင်ခဲ့တဲ့ အတိတ်သမိုင်းသာဓကတွေပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်သားအားလုံးအနေနဲ့ အတိတ်သမိုင်းကြောင်းများကို နှံ့စပ်စွာသိမြင်နားလည်ကာ မျိုးချစ်စိတ်ဓာတ်ကိုအရင်းခံပြီး စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်တဲ့၊ အမိန့်နာခံတတ်မှုနဲ့ပြည့်စုံတဲ့ တပ်မတော်တစ်ရပ်ဖြစ်စေရေး ကိုယ်စီကြိုးစားကျင့်ကြံသွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

ပြည်ပကျူးကျော်သူတွေနဲ့ ကိုယ်ကျိုးရှာနိုင်ငံရေးအင်အားစုတွေဟာ ဒို့တပ်မတော်ကို ပြိုကွဲအောင်ဖြိုခွဲဖို့အတွက် အတိတ်ကာလမှာ နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်ခဲ့ကြသလို လက်ရှိပစ္စုပ္ပန်ကာလမှာလည်း ဆောင်ရွက်နေကြဆဲဖြစ်တယ်။ အဲဒီလိုလုပ်ဆောင်မှုတွေရှိနေပေမယ့်လည်း **"ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲ စည်းလုံးမည်"** ဆိုတဲ့ တပ်မတော်ရဲ့ ဆောင်ပုဒ်နဲ့အညီ တပ်တွင်းစည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လျစ်ခိုင်မာအောင် တည်ဆောက်သွားကြရမှာဖြစ်တယ်။

> ❖ **နိုင်ငံတစ်နိုင်ငံရဲ့ လုံခြုံရေးကဏ္ဍကို အသေးစိတ်လေ့လာကြည့်ရင် အခြေခံအကျဆုံးအချက်ဟာ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝနဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုဖြစ်ကြောင်း တွေ့မြင်ရမှာဖြစ်၊ ပြည်သူ့လုံခြုံရေးစနစ် ရာနှုန်းပြည့်လွှမ်းခြုံနိုင်ဖို့ဆိုရင် ပြည်သူတစ်ဦးချင်းစီတိုင်းမှာ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတွေရှိနေဖို့လည်းလိုအပ် . . .**
>
> ❖ **ဖက်ဒရယ်စနစ်ဆိုတာ လူပုဂ္ဂိုလ်၊ လူမျိုးအတွက် ရည်ညွှန်းတာမဟုတ်ဘဲ ဒေသတစ်ခု၊ နယ်မြေတစ်ခုအပေါ် ရည်ညွှန်းဆောင်ရွက်ရတာဖြစ်၊ ဒို့နိုင်ငံအနေနဲ့ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ကျင့်သုံးရာမှာလည်း ဖြတ်သန်းခဲ့ရတဲ့သမိုင်းအဆက်ဆက်ရဲ့ အတွေ့အကြုံတွေအရ မိမိတို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကိုကျင့်သုံးသွားမှာဖြစ် . . .**

အခြေခံကျတဲ့ တပ်တွင်းစည်းလုံးညီညွတ်ရေးကို ခိုင်မာအောင် တည်ဆောက်ကြရမှာဖြစ်သလို တစ်ဖက်ကလည်း လက်တွေ့ဆန်တဲ့ တပ်ပြင်စည်းရုံးရေးလုပ်ငန်းတွေကိုလည်း အလေးထားလုပ်ဆောင်ကြရမှာဖြစ်တယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒို့တပ်မတော်သားတွေအနေနဲ့ **"ပြည်သူသာအမိ၊ ပြည်သူသာအဖ"** လို့ သဘောထားပြီး ဆောင်ရွက်သွားကြဖို့ လိုအပ်တယ်။

**ရဲဘော်တို့**

ဖက်ဒရယ်အရေး၊ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားလူမျိုးရေးကို အကြောင်းပြပြီး လက်နက်ကိုင်လမ်းစဉ်ကို မစွန့်လွှတ်လိုတဲ့ အကြမ်းဖက်သမားများဟာ မူးယစ်ဆေးဝါးကုန်သွယ်မှုနဲ့ အဓိကဝင်ငွေရှာဖွေနေကြပြီး Online လိမ်လည်မှုနဲ့ Online လောင်းကစားမှုများအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများကိုလည်း ကျူးလွန်လျက်ရှိနေကြတယ်။ ဒီကိစ္စတွေဟာ အကြမ်းဖက်သောင်းကျန်းသူများ သက်ဆိုးရှည်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အန္တရာယ်ပေးနေတာကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အထူးစစ်ဆင်ရေးများနဲ့ တိုက်ဖျက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ ပူးပေါင်းလက်တွဲတိုက်ဖျက်လျက်ရှိကြောင်း အသိပေးပြောကြားလိုတယ်။

**ရဲဘော်တို့**

နိုင်ငံတစ်နိုင်ငံရဲ့ လုံခြုံရေးကဏ္ဍကို အသေးစိတ်လေ့လာကြည့်ရင် အခြေခံအကျဆုံးအချက်ဟာ ပြည်သူတစ်ဦးချင်းစီရဲ့ လူမှုစီးပွားဘဝနဲ့ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုဖြစ်ကြောင်း တွေ့မြင်ရမှာဖြစ်တယ်။ ပြည်သူ့လုံခြုံရေးစနစ် ရာနှုန်းပြည့်လွှမ်းခြုံနိုင်ဖို့ဆိုရင် ပြည်သူတစ်ဦးချင်းစီတိုင်းမှာ လုံခြုံရေးအသိ၊ လုံခြုံရေးသတိတွေရှိနေဖို့လည်း လိုအပ်တယ်။

ဒို့နိုင်ငံအနေနဲ့လည်း ဖြစ်ပေါ်လာတဲ့ အကြမ်းဖက်ဖြစ်စဉ်များကို တားဆီးနှိမ်နင်းနိုင်ဖို့ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် ပြည်သူ့ကာကွယ်ရေးအဖွဲ့တွေကို စနစ်တကျလေ့ကျင့်ဖွဲ့စည်းပြီး ပြည်သူ့လုံခြုံရေး (People Security) လုပ်ငန်းစဉ်တွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိတယ်။ ဒီလိုဆောင်ရွက်ရာမှာ နယ်မြေဒေသလုံခြုံရေးအတွက် ပြည်သူ့စစ်နဲ့ တိုင်းပြည်ကာကွယ်ရေးအတွက် ပြည်သူ့စစ်မှုထမ်းစနစ်ကိုပြဋ္ဌာန်းထားတဲ့ဥပဒေတွေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတယ်၊ ကမ္ဘာမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျင့်သုံးနေတဲ့နိုင်ငံများရှိနေတာကိုလည်း တွေ့မြင်နိုင်တယ်။ ပြည်သူများအနေနဲ့ ပြည်သူ့လူမှုစီးပွားဘဝ လုံခြုံမှုအပြည့်အဝရရှိစေဖို့အတွက် ပြည်သူ့လုံခြုံရေးလုပ်ငန်းစဉ်တွေမှာ စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့တာဝန်အရေး(၃)ပါးထဲက တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့အချက်ဟာ ဒို့နိုင်ငံရဲ့ ပကတိလိုအပ်ချက်ဖြစ်တဲ့ ထာဝရငြိမ်းချမ်းရေးကို ညွှန်းဆိုခြင်းပဲဖြစ်တယ်။ ထာဝရငြိမ်းချမ်းရေးက ထွက်ပေါ်လာတဲ့ ရလဒ်ကောင်းတွေဟာ တပ်မတော်တစ်ရပ်၊ အဖွဲ့အစည်းတစ်ရပ်အတွက်မဟုတ်ဘဲ နိုင်ငံတော်နဲ့တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအတွက်ဆိုတာကို လေးလေးနက်နက်သိမြင်ကြဖို့လိုအပ်တယ်။ ဒါကြောင့် ခေတ်အဆက်ဆက် တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေကိုလည်း ကြိုးစားဆောင်ရွက်ခဲ့တာ တွေ့ရမှာဖြစ်တယ်။

တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်မှာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးကို စတင်ထုတ်ပြန်ခဲ့ပြီး တစ်ဖက်သတ်အပစ်အခတ်ရပ်စဲမှုတွေကို လိုက်လျောဆောင်ရွက်ပေးခဲ့တယ်။ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၂၂ ရက်မှာ **" ငြိမ်းချမ်းရေးကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးကို မိမိကိုယ်တိုင်တွေ့ဆုံဆွေးနွေးမှုပြုလုပ်သွားမယ်"** ဆိုတဲ့ ငြိမ်းချမ်းရေးမိန့်ခွန်းနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်ခေါင်းဆောင်များနဲ့ ကိုယ်တိုင်ကိုယ်ကျဆွေးနွေးမှုတွေ ပြုလုပ်နိုင်ခဲ့တယ်၊ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကိုပြင်ဆင်ဖြည့်စွက်ရန်အတွက် သဘောတူညီချက် ၄၃ ချက်ကို လက်မှတ်ရေးထိုးအတည်ပြုနိုင်ခဲ့တဲ့အပြင် ယခင်အစိုးရများလက်ထက်ငြိမ်းချမ်းရေးညီလာခံရလဒ်များမှ စုစည်းထားတဲ့ ပြည်ထောင်စုသဘောတူညီချက် (Union Accord)များကို ပြည်ထောင်စုလွှတ်တော်မှာ စုစည်းတင်ပြပြီး ပြင်ဆင်နိုင်ရေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

ဒို့နိုင်ငံအနေနဲ့ နိုင်ငံရေးစနစ်အရ ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေတာဖြစ်ပြီး နိုင်ငံတော်ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံစနစ်အရ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ခိုင်မာစေရေးကို ဦးတည်လျှောက်လှမ်းနေတာပဲဖြစ်တယ်။ ဖက်ဒရယ်စနစ်ဆိုတာ လူပုဂ္ဂိုလ်၊ လူမျိုးအတွက် ရည်ညွှန်းတာမဟုတ်ဘဲ ဒေသတစ်ခု၊ နယ်မြေတစ်ခုအပေါ် ရည်ညွှန်းဆောင်ရွက်ရတာဖြစ်တယ်။ ဒို့နိုင်ငံအနေနဲ့ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ကျင့်သုံးရာမှာလည်း ဖြတ်သန်းခဲ့ရတဲ့ သမိုင်းအဆက်ဆက်ရဲ့ အတွေ့အကြုံတွေအရ မိမိတို့နိုင်ငံနဲ့ကိုက်ညီတဲ့ ဒေသကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ကိုကျင့်သုံးသွားမှာဖြစ်တယ်။

ယခုဆိုရင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကတစ်ဆင့် ပြည်သူ့ဆန္ဒကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မယ့် ပြည်သူ့ကိုယ်စားလှယ်တွေထွက်ပေါ်ခဲ့ပြီး လွှတ်တော်အသီးသီးရဲ့အစည်းအဝေးများ စတင်ကျင်းပနေပြီဖြစ်တယ်။ ပြည်သူတစ်ဦးချင်းစီက စက်ခလုတ်နှိပ်ပြီးပေးခဲ့ကြတဲ့ မဲတစ်မဲစီဟာ ပြည်သူတစ်ဦးချင်းစီရဲ့ ဦးနှောက်နဲ့နှလုံးသားများဖြစ်လို့ ပေါ်ထွက်လာခဲ့တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေဟာလည်း နိုင်ငံ့အရေးကို အမြော်အမြင်ရှိရှိ၊ သစ္စာရှိရှိနဲ့ အလေးအနက်ထားကြိုးပမ်းထမ်းရွက်ကြဖို့ လိုအပ်မှာပဲဖြစ်တယ်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအနေနဲ့လည်း ခိုင်မာတဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်ပြီး နိုင်ငံရေးခရီးလမ်းမှာ ခိုင်ခိုင်မာမာ လျှောက်လှမ်းနိုင်တဲ့အထိ ဆောင်ရွက်ပေးသွားမှာဖြစ်သလို တပ်မတော်အနေနဲ့လည်း နိုင်ငံ့အရေးအတွက် အမြဲအသင့်ရှိနေမှာဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့ ဒို့တပ်မတော်ဟာ ခေတ်အဆက်ဆက် နိုင်ငံတော်နဲ့ပြည်သူလူထုအကျိုးကို ဦးထိပ်ထားတာဝန်ထမ်းဆောင်ခဲ့တယ်။ လက်ရှိကာလမှာလည်း **" ပြည်သူသာ အမိ၊ ပြည်သူသာအဖ"** ဆိုတဲ့ခံယူချက်နဲ့ နိုင်ငံနဲ့ပြည်သူ့အကျိုးကို ကာကွယ်လျက်ရှိနေတယ်။ နောင်မှာလည်း ပြည်သူကအားကိုးရတဲ့၊ နိုင်ငံတော်က အားထားရတဲ့ ခေတ်မီမျိုးချစ်တပ်မတော်အဖြစ် ခိုင်ခိုင်မာမာရပ်တည်သွားကြပါစို့လို့ပြောကြားရင်း နိဂုံးချုပ်လိုက်တယ်။ ။

(၈၁) နှစ်မြောက်
တပ်မတော်နေ့
ဂုဏ်ပြုဆောင်းပါး

# အမိမြေအတွက် ဆက်လက်အောင်ပွဲချီ

## ရဲခေါင်

နှစ်စဉ် မပြတ်ဖော်သရွေ့
တပ်မတော်နေ့ ထာဝရတည်။
ရှစ်ဆယ့်တစ်ကြိမ် ဂုဏ်အမြင့်
ဂုဏ်ဆင့်ပါမည်။
တပ်မတော်အတွက် စာစီ
တွဲလက်ညီ ဖော်ညွှန်း။
ရွှေနိုင်ငံ ရွှေတစ်ခေတ်
ထုဆစ်မော်ကွန်း။

**မတ်လရက်မွန် နှစ်ဆယ့်ခွန်သို့ ရောက်ရှိခဲ့ပေပြီ။ ရွက်ဟောင်းညှာကြွေ ရွက်သစ်ဝေ၍ ဖူးပုရစ်တို့ မြူးလှစ်သည့်အချိန်အခါပါပေ။ နွေ၏ပြကွင်းပြကွက်တို့သည် အားမာန်အပြည့်ဖြင့် ထပ်လောင်းပေါင်းစပ်လျက်ရှိသည်။ အဟောင်းအဟောင်းတို့နေရာ၌ အသစ်အသစ်တို့ ဖြစ်ထွန်းတိုးတက်လာရသည့်ပမာ ရေအလျဉ်သဖွယ် စဉ်ဆက်မပြတ်စီးဆင်းနေသော အင်အားသရုပ်ကို ဖော်ထုတ်ပြသနေသည့် မြင်ကွင်းတစ်ရပ်လည်းမည်ပါပေသည်။**



ဤရာသီအခါသမယမှာ မြန်မာ့သမိုင်းစဉ်နှင့် ဆက်စပ်ကြည့်မည်ဆိုပါလျှင်လည်း ထင်ရှားသော ကမ္ပည်းမှတ်တိုင်တစ်ခုကို တွေ့ကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းတည်ထောင်ခဲ့သော မြန်မာ့တပ်မတော်၏ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် ဖက်ဆစ်တို့ကို မြန်မာ့မြေပေါ်မှမောင်းထုတ်နိုင်ခဲ့သည့် အချိန်ကာလဖြစ်သည်။ ဖက်ဆစ်ဂျပန်များကို ကျူပင်ခုတ် ကျူငုတ်မကျန်တော်လှန်တိုက်ထုတ်နိုင်ခဲ့သော မတ်လ ၂၇ ရက်နေ့သည် တပ်မတော်နေ့ပင်ဖြစ်သည်။ လွတ်လပ်ရေးတည်းဟူသော မြစ်တစ်စင်းမှာ တိုင်းရင်းသားပြည်သူတို့၏ တစ်စိတ်တစ်ဝမ်းတည်းသောစိတ်ဖြင့် လက်တွဲညီညွတ်ခဲ့သည့် ဤမည်သောအခါသမယတွင် မြစ်ဖျားခံစီးဆင်းခဲ့ခြင်းဖြစ်သည်။

မြန်မာ့တပ်မတော်သည် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံပြီး တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားဘဲ အများအကျိုးကိုဦးစားပေးထမ်းရွက်လျက်ရှိသည့် နိုင်ငံတော်၏ အခိုင်မာဆုံးသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ တပ်မတော်သားများသည် ပြည်သူလူထုအတွင်းမှ ပေါက်ဖွားလာသူများဖြစ်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေကြသူများဖြစ်သည်။ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို တစိုက်မတ်မတ်ထမ်းဆောင်နေကြသူများဖြစ်သည်။ တပ်မတော်၏အခန်းကဏ္ဍအရေးကြီးပုံကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပုဒ်မ ၃၃၇ တွင် "တပ်မတော်သည်နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကအကျဆုံးသော လက်နက်ကိုင်တပ်ဖွဲ့ဖြစ်သည်" ဟု ပြဋ္ဌာန်းထားသည်။ မွန်မြတ်သည့်စိတ်ဓာတ်၊ ခိုင်မာသည့်ယုံကြည်ချက်၊ ရဲရင့်သည့်သတ္တိတို့ဖြင့် တာဝန်ထမ်းဆောင်နေကြသော တပ်မတော်သားများနှင့် မိမိတို့၏ ရင်နှစ်သည်းချာများကဲ့သို့ရင်းနှီးနွေးထွေး၍ အားကိုးအားထားပြုကြလျက်ရှိသည့် မိဘပြည်သူ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးအတွက် နှစ်စဉ်မတ်လ ၂၇ ရက်နေ့သို့ရောက်ရှိလေတိုင်း တပ်မတော်နေ့စစ်ရေးပြအခမ်းအနားများကို ခမ်းနားထည်ဝါစွာကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် (၈၁)နှစ်သို့တိုင်ရောက်ရှိခဲ့ပြီဖြစ်သည်။

မြန်မာ့တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ သန္ဓေတည်ပေါက်ဖွားလာခဲ့၍ ပြည်ထောင်စုတိုင်းရင်းသားညီအစ်ကိုများဖြင့် ဖွဲ့စည်းတည်ထောင်ထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်။ တိုင်းရင်းသားပြည်သူတို့၏အကျိုးကိုသာလျှင် အစဉ်ရှေးရှု ဆောင်ရွက်ခဲ့သောတပ်မတော်ဖြစ်သည်။ မြန်မာနိုင်ငံသမိုင်းကြောင်းတစ်လျှောက်တွင် နိုင်ငံတော်ပြိုကွဲပြီးပြည်သူတို့ သူ့ကျွန်ဘဝပြန်လည်ရောက်ရှိသွားနိုင်သည့် အခြေအနေဆိုးများကျရောက်လာတိုင်း အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ပြည်သူတို့၏ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အစဉ်တာဝန်ကျေပွန်ခဲ့သော တပ်မတော်ဖြစ်သည်။

ဤသို့လျှင် သမိုင်းကြောင်းအစဉ်အလာကြီးမားလှသည့် မြန်မာ့တပ်မတော်သားတို့အတွက် ဂုဏ်ယူမြတ်နိုးဖွယ်ရာဖြစ်သော (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကြီးကို စည်စည်ကားကား၊ ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါ ကျင်းပနေသည့်မြင်ကွင်းကျယ်ကြီးမှာ နိုင်ငံသားတစ်ယောက်အဖို့ အားမာန်အပြည့်ဖြင့် ဇာတိသွေး၊ ဇာတိမာန်များ နိုးကြားထက်သန်လာသည်အထိ ခံစားရစေပါသည်၊ စစ်ကြောင်းကြီးများချီတက်ရာလမ်းကြောင်းတစ်လျှောက် တပ်မတော်နှင့် ပြည်သူ ကြည်ဖြူစွာ မေတ္တာတုံ့လှယ်နေကြသည့် မြင်ကွင်းပုံရိပ်များကလည်း ဝမ်းမြောက်ကြည်နူးဖွယ်ကောင်းလှသည်။

ပင်လောင်းလမ်းဆုံတစ်လျှောက်နှင့် စစ်ရေးပြကွင်းကြီးအတွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတ အနုပညာရှင်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများကလည်း စစ်ရေးပြစစ်ကြောင်းကြီးများကို ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုရန် သောင်းသောင်းဖြဖြကြိုဆိုစောင့်ဆိုင်းနေကြသည်မှာ အားတက်ဖွယ်ပင်ဖြစ်သည်။

စစ်ရေးပြမှူးကြီး၏ "တပ်ပေါင်း" ဟူသော အမိန့်သံအဆုံးတွင် တပ်မတော်နေ့အခမ်းအနား၌ ပါဝင်စစ်ရေးပြကြမည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့က အမိန့်စဉ်အတိုင်းပါဝင်ချီတက်ရန် အသင့်ပြင်ထားကြပြီးဖြစ်သည်။

စစ်ရေးပြစစ်ကြောင်းကြီးတွင်ပါဝင်ကြသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အမျိုးသမီးစစ်ရေးပြတပ်ခွဲများ၏ အသွင်သဏ္ဌာန်မှာ တည်ကြည်ခံ့ညားလျက်ရှိသည်။ စစ်ရေးပြအခမ်းအနားအတွက် တူညီဝတ်စုံများနှင့် ချပ်ဝတ်တန်ဆာများကို သပ်ရပ်ညီညာစွာ စနစ်တကျ ဝတ်ဆင်ထားသည်။ ဇာတိသွေး၊ ဇာတိမာန်ကို တက်ကြွစေသည့် စစ်ချီသီချင်းများကို အားအပြည့်၊ မာန်အပြည့် သံပြိုင်ညီညာသီဆိုကြပြီး တက်ကြွ၊ ညီညာ၊ သွက်လက်သည့် ခြေလှမ်းများကို ကြည့်ခြင်းအားဖြင့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားကြီးတွင် ပါဝင်ဆင်နွှဲရသည်ကို ကိုယ်စီကိုယ်စီ ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်းပေါ်လွင်လှပါသည်။

ထို့ပြင် (၈၁)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေး ကားလမ်းမကြီးနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန် တက်ကြွလာစေရန် ကြည်း၊ ရေ၊ လေ စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသည့် ပိုစတာကြီးများကိုလည်း လမ်းတစ်လျှောက်တွေ့မြင်ရသည်။ ပင်လောင်းလမ်းတစ်လျှောက်၏ လမ်းဘေး ဝဲ၊ ယာတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်ညီစွာ သစ်ပင်ပန်းပင်များကို လှပညီညာစိုက်ပျိုးထားပြီး အလှမီးပန်းများ၊ ရောင်စုံမီးဆိုင်းများဖြင့် အလှဆင်ထားသည်မှာ ရှု၍မငြီးနိုင်အောင်ပင်ဖြစ်သည်။ နေရာအလိုက်၊ အခန်းကဏ္ဍအလိုက် အခမ်းအနားအပြင်အဆင်များကို စစ်ရေးပြအခမ်းအနားကြီးနှင့် လိုက်လျောညီစွာ အသေးစိတ်ကအစ စနစ်တကျ စီမံဆောင်ရွက်ထားသည်မှာ တပ်မတော်နှင့် တပ်မတော်သားများ၏ စည်းကမ်းကျနသေဝပ်မှုကို ပုံဆောင်ပြသနေသကဲ့သို့ရှိပါသည်။

အခမ်းအနားကြီးကျင်းပရာနေရာဌာနအားလုံးတို့၌ လျှပ်စစ်မီးများဖြင့် ထိန်ထိန်ညီးညီးထွန်းလင်းနေသဖြင့် ညဘက်ဖြစ်သော်လည်း နေ့ခင်းအချိန်အလားလင်းလင်းကျင်းကျင်းရှိနေပါသည်။ ထို့မျှမကသေး စစ်ရေးပြကွင်းကြီးဆီသို့ ချီတက်ရာလမ်းတစ်လျှောက်တွင် တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဆိုင်းဘုတ်များစိုက်ထူကာပြသထားသည်။ စာတန်းများချိတ်ဆွဲရာတွင်လည်း ရဲစွမ်းသတ္တိကို ပြသရာရောက်သည့် အနီရောင်ကို အောက်ခံအရောင်အဖြစ် အသုံးပြုထားပြီး ၎င်းအနီရောင်အပေါ်တွင် ရွှင်လန်းတက်ကြွမှု၊ ချစ်ခင်ရင်းနှီးမှုနှင့် ရုပ်ပိုင်းဆိုင်ရာစွမ်းအင်ကို ခံစားရရှိနိုင်စေရန် အဝါရောင်စာလုံးကြီးများဖြင့် ထင်ထင်ရှားရှားပုံဖော်ကာ (၈၁)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုလျက်ရှိနေသော ပုံရိပ်အငွေ့အသက်များဖြစ်ပေါ်လာအောင် ပြသထားသည်ကိုတွေ့မြင်ရသည်။

စစ်ရေးပြကွင်းကြီး၏ အဝင်မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာတွေ့မြင်ရသည်။ လျှပ်စစ်မီးများဖြင့်အလှဆင်ထားပြီး ဆလိုက်မီးကြီးများ **စာမျက်နှာ ၉ သို့** ❐



❐ စာမျက်နှာ ၈ မှအဆက်

ထိုးထားသဖြင့် မုခ်ဦးကြီး၏ခမ်းနားထည်ဝါပုံကို ခံ့ခံ့ညားညားမြင်တွေ့ရသည်။ မုခ်ဦးအတွင်း၌ ပုံဖော်ထားသည့် ပန်းအလှများအပြင် ထပ်မံ၍ ရောင်စုံမီးအလှများ စီခြယ်ထားသည်ကိုတွေ့ရသည်။ ထိန်ထိန်ညီးညီး ထွန်းတောက်တည်ရှိနေသည့် မီးရှူးတိုင်ကြီး၏ခံ့ညားမှုနှင့် အေးမြကြည်လင်မှုကိုပုံဖော်နေသည့် ရေပန်းအလှတို့ကလည်း တပ်မတော်သည် နိုင်ငံတော်အတွက် တောက်ပမှုအလင်းရောင်နှင့်အေးချမ်းသာယာမှုကို ဆောင်ကြဉ်းပေးနိုင်ရန် အစဉ်တည်ရှိနေခြင်းကို ပြသပေးနေသကဲ့သို့ ခံစားမိစေသည်။

တပ်မတော်နေ့ စစ်ရေးပြစစ်တီးဝိုင်းများ၏ စစ်သီချင်းတီးမှုတ်ပုံများ၊ စစ်ရေးပြစစ်ကြောင်းကြီးများတွင် ပါဝင်သော တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၏ ဇာတိသွေး၊ ဇာတိမာန်အပြည့် စစ်ချီတေးသီချင်းသီဆိုမှုများမှာ နားသောတဆင်ရသူ ပြည်သူလူထု၏ ရင်ထဲ၊ အသည်းထဲ၊ စိတ်နှလုံးထဲတွင် ရဲစိတ်ရဲမာန်များ တိုးပွားလာကာ မျိုးချစ်စိတ်ဓာတ်များ တက်ကြွလာစေသည်။ စစ်ချီသီချင်းသံများမှာ တိမ်ယံကိုထွင်းဖောက်၍ ထက်ကောင်းကင်သို့ပင် လွင့်ပျံ့ရောက်ရှိမတတ် အားမာန်တို့ဖြင့် ပြည့်လျှမ်း၍နေပါသည်။

စစ်ရေးပြစစ်ကြောင်းကြီးများချီတက်လာချိန်တွင် လမ်းတစ်လျှောက်၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ရုပ်ရှင်၊ သဘင်၊ စာပေ၊ ဂီတအနုပညာရှင်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စစ်ကြောင်းကြီးများကို သောင်းသောင်းဖြဖြ ကြိုဆိုကြကာ ဂုဏ်ပြုပန်းကုံးများချီးမြှင့်နေကြပုံမှာ ကြည်နူးဖွယ်ကောင်းလှသည်။

စစ်ရေးပြကွင်းအတွင်းသို့ ယန္တရားစစ်ကြောင်းအပါအဝင် စစ်ရေးပြမှူးကြီးဦးဆောင်သော စစ်ကြောင်းများကသတ်မှတ်နေရာတွင် ဝင်ရောက်နေရာယူပုံ၊ ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှ အမြောက် ၁၉ ချက် ပစ်ဖောက်ဂုဏ်ပြုပုံ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းများက အလေးပြုပုံ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်ကိုစစ်ဆေးပုံ၊ မိန့်ခွန်းပြောကြားပုံ၊ မိန့်ခွန်းပြောကြားအပြီးတွင် စစ်ရေးပြမှူးကြီးဦးဆောင်သော စစ်ကြောင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုပုံ၊ တစ်ချိန်တည်းမှာပင် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များကလည်း ကောင်းကင်ယံမှ သရုပ်ပြပျံသန်းပြီးအလေးပြုပုံ၊ စစ်ရေးပြကွင်းအတွင်းမှ ပြန်လည်ထွက်ခွာပုံစသည့် စစ်ရေးပြအခမ်းအနားအစီအစဉ်များကို လေ့ကျင့်သားပြည့်ဝမှု၊ စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံမှု၊ စုစည်းညီညွတ်မှုတို့ဖြင့် စနစ်တကျဆောင်ရွက်သွားသည်ကိုတွေ့ရသည်။

ထို့ပြင် ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MTX – 1A လေယာဉ် ၁ စင်းနှင့် PT–6 လေယာဉ် ၂ စင်း တို့က ရှုရပ်၏ရှေ့တည့်တည့်မှ Composite Formation ပုံစံဖြင့်လည်းကောင်း၊ Mi–17 ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ပျံသန်း၍လည်းကောင်း၊ Mi–2M ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာ ဘက်သို့ပျံသန်း၍လည်းကောင်း၊ H–125 ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ပျံသန်း၍လည်းကောင်း၊ Bell–206 ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ Eurocopter ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ပျံသန်း၍လည်းကောင်း၊ H–125 ရဟတ်ယာဉ် ၂ စင်းက ရှုရပ်၏အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ဝင်ရောက်လာပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ်ပျံသန်း၍လည်းကောင်း၊ Bell–206 ရဟတ်ယာဉ် ၂ စင်းက ရှုရပ်၏ရှေ့တည့်တည့်မှ ဝင်ရောက်ပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ်ပျံသန်း၍လည်းကောင်း၊ Eurocopter ရဟတ်ယာဉ် ၂ စင်းက ရှုရပ်၏အရှေ့ညာ ၄၅ ဒီဂရီမှဝင်ရောက်လာပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ်ပျံသန်း၍ လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေး လေယာဉ် ၁ စင်းက ရှုရပ်၏အရှေ့ဘယ် ၄၅ ဒီဂရီ မြင်ကွင်းမှ ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီ မြင်ကွင်းမှပျံသန်း၍လည်းကောင်း၊ ATR 72 သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းက ရှုရပ်၏ရှေ့တည့်တည့်မှ ပျံသန်း၍လည်းကောင်း၊ K–8 W တိုက်ခိုက်ရေးလေယာဉ် ၂ စင်းက Echelon Formation ပုံစံဖြင့်ရှုရပ်၏ရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှပျံသန်း၍ လည်းကောင်း၊ Su–30 SME စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံး အကြီးစားတိုက်လေယာဉ် ၃ စင်းက ရှုရပ်၏အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှဝင်ရောက်ကာ Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ Su–30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစား



တိုက်လေယာဉ် ၃ စင်းကပွဲကြည့်စင်နောက်မှ ရှုရပ်၏အရှေ့ဘက်သို့ ပျံသန်း၍ Flare မီးကျည်များထုတ်လွှတ်၍လည်းကောင်း အသီးသီးသရုပ်ပြပျံသန်းကြပြီး နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင် လှိုင် အား အလေးပြုကြသည်။ လေယာဉ်၊ ရဟတ်ယာဉ်များ၏ပျံသန်းခြင်းဆိုင်ရာစွမ်းရည် ပြသမှုများကို ညဘက်တွင် ထူးခြားစွာမြင်တွေ့ရသည်မှာ ကြည့်ရှုရသူပရိသတ်များအဖို့ ရင်သပ်ရှုမောဖွယ်ဖြစ်ပါသည်။

ထို့ပြင် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသော နေပြည်တော်စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသည့် မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တံဆိပ်ကြီးကိုလည်းကောင်း ဝင့်ထည်စွာ တွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေး တပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေး တပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေး မှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်း တပ်ဖွဲ့များ၏ အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့်လွင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်သည်။

စစ်ကြောင်းကြီးများ ချီတက်ရာ လမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ကိုယ်စားပြု အရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏အဝင်မုခ်ဦးတွင် LED Strip Light များအသုံးပြု၍ စစ်ကြောင်းကြီးများ၏ ကိုယ်စားပြုအရောင်များအတိုင်း ပြောင်းလဲအလှဆင်၍လည်းကောင်း၊ လမ်းဘေး ဝဲ၊ ယာ တစ်လျှောက်၌လည်း မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့်ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုသည့်စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့် မျက်နှာမူရာရှိ သစ်ပင်များ၌လည်း Handmade အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော် အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Street Light များဖြင့် လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြန်လည်ထွက်ခွာမည့် လမ်းတစ်လျှောက်တွင်လည်း Flag Light Box များ၊ LED Street Light များဖြင့် အသီးသီးပုံဖော်အလှဆင်ထားသည်ကိုတွေ့မြင်နိုင်ပါသည်။

ဤသို့ဤနှယ် ခမ်းနားထည်ဝါလှသော စစ်ရေးပြအခမ်းအနားကြီးသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေ စည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်နှင့်ဇနီးဒေါ်ကြူကြူလှ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများ၊ လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ တပ်မတော်အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားစစ်သံရုံးမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဝိုင်အမ်ဘီအေအသင်းကြီး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ တပ်မတော်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေး တက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင်ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည် ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ သတင်းမီဒီယာကောင်စီ၊ ရုပ်ရှင်သဘင်ဂီတအစည်းအရုံး၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြည်တွင်းပြည်ပသတင်းမီဒီယာများ အင်ပြည့်အားပြည့် တက်ရောက်လာကြသည်ကိုလည်းတွေ့ရသည်။

အနှစ်ချုပ်ဆိုရပါသော် လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် ယနေ့အချိန်ထိ မည်သည့်ခေတ်စနစ်တွင်မဆို နိုင်ငံတော်နှင့်ပြည်သူတို့ အကျပ်အတည်းဘေးဒုက္ခကြုံတွေ့တိုင်း အစဉ်အမြဲလက်တွဲဦးဆောင်၍ မားမားမတ်မတ်ရပ်တည်ပေးခဲ့သည်မှာ မြန်မာ့တပ်မတော်ပင်ဖြစ်ပါသည်။ ဤသို့လျှင် နိုင်ငံတော်နှင့်ပြည်သူအတွက် သမိုင်းမှတ်တိုင်ကောင်းများစိုက်ထူ၍ မရပ်မနားခရီးနှင်ခဲ့သော ပြည်ထောင်စုတပ်မတော်ကြီးမှာ မွန်မြတ်သည့်လက်ဆင့်ကမ်းအမွေကိုထိန်းသိမ်း၍ သမိုင်းအစဉ်အလာကောင်းများနှင့်အညီ **"အမိမြေအတွက် ဆက်လက်အောင်ပွဲချီ"** လျက်ရှိပါကြောင်း **စာပန်းချီခြယ်မှုန်း၍ ဂုဏ်ပြုရေးသားလိုက်ရပါသည်**။ ။

**ထူးခြားသည့် နေ့အပူချိန်များ**
၂၇-၃-၂၀၂၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| မင်းဘူး | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် | | ချောက် | ၄၀ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် | |
| ဆင်ဖြူကျွန်း | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယက် | | တောင်ငူ | ၄၀ ဒသမ ၃ | ဒီဂရီဆဲလ်စီးယက် | |
| ပဲခူး | ၄၀ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် | | ရွှေကျင် | ၄၀ ဒသမ ၂ | ဒီဂရီဆဲလ်စီးယက် | |

# (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမြင်ကွင်းပုံရိပ်များ



















# (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမြင်ကွင်းပုံရိပ်များ





















# (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်ညို့နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်း စံပြတပ်ခွဲ ပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဒိုင်းဆုနှင့်ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်း အထူးဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)အား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်း အထူးဆုရရှိသည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်း အထူးဆုရရှိသည့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲအား ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် မတ် ၂၇**

(၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ဆုရရှိကြသော စစ်ရေးပြတပ်ခွဲများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ စုရပ် သစ်တပ်စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညို့နှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူကျော်စွာလင်း တက်ရောက်၍ ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဦးစွာ ဆုချီးမြှင့်ပွဲသို့ တက်ရောက်လာသည့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညို့နှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူကျော်စွာလင်းအား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲရင့်ဝင်း ဦးဆောင်သည့် စစ်ရေးပြစစ်ကြောင်းများက အလေးပြုကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်းက ဂုဏ်ပြုဆုများရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အထူးတပ်ဖွဲ့စစ်ရေးပြတပ်ခွဲ၊ ယန္တရားတပ်ခွဲဂုဏ်ပြုဆုများရရှိကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုယန္တရားတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံး ကိုယ်စားပြုယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြုယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးကိုယ်စားပြုယန္တရားတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ဂုဏ်ပြုအမြောက်တပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) စစ်ရေးပြတပ်ခွဲ၊ ဗဟိုစစ်တီးဝိုင်းအဖွဲ့၊ လေအိတ်ပလွေတီးဝိုင်းအဖွဲ့၊ အောင်ဇေယျစစ်ကြောင်း(အမျိုးသမီး)အလံအဖွဲ့၊ မြင်းစီးစစ်ရေးပြတပ်ခွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲတီးဝိုင်းအဖွဲ့၊ စစ်တီးဝိုင်းအဖွဲ့အကောင်းဆုံးဆုရရှိသည့် ဆင်ဖြူရှင်စစ်ကြောင်းစစ်တီးဝိုင်းအဖွဲ့၊ အလံအဖွဲ့အကောင်းဆုံးဆုရရှိသည့်ဘုရင့်နောင်စစ်ကြောင်းအလံအဖွဲ့၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး) တပ်ခွဲတတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ (၁)၊ အကောင်းဆုံးစခန်း တတိယဆုရရှိသည့်ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ စစ်ချီသီချင်းအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ စစ်စည်းကမ်းအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ (၁)၊ စစ်ရေးပြအကောင်းဆုံး တတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁) တို့အား ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက လေ့ကျင့်ရေးအကောင်းဆုံးတတိယဆုရရှိသည့်အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေ့ကျင့်ရေးအကောင်းဆုံး ဒုတိယဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လေ့ကျင့်ရေးအကောင်းဆုံး ပထမဆုရရှိသည့် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသမီး)တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု (အမျိုးသမီး) စစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(အမျိုးသား)တပ်ခွဲ ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ကိုယ်စားပြု(အမျိုးသား)စစ်ရေးပြတပ်ခွဲ(၃)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး)တပ်ခွဲ ဒုတိယဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု (အမျိုးသမီး) တပ်ကြပ်ကြီးစာရေး စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ အကောင်းဆုံးစခန်း ဒုတိယဆုရရှိသည့် စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံးဒုတိယဆုရရှိသည့် လျှပ်စစ်နှင့်စက်မှုအင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ဒုတိယဆုရရှိသည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး

**စာမျက်နှာ ၁၃ သို့ ⊃**

⊃ စာမျက်နှာ ၁၂ မှအဆက်

ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံး ဒုတိယဆုရရှိသည့် လေကြောင်းချီတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသမီး) တပ်ခွဲပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး) စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ (အမျိုးသား) တပ်ခွဲပထမဆုရရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသား) စစ်ရေးပြတပ်ခွဲ(၄)၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) (အမျိုးသမီး) တပ်ခွဲပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁)၊ အကောင်းဆုံးစခန်းပထမဆုရရှိသည့် ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်ချီသီချင်းအကောင်းဆုံး ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စစ်စည်းကမ်းအကောင်းဆုံး ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြဂုဏ်ပြုတပ်ခွဲ၊ စစ်ရေးပြအကောင်းဆုံးပထမဆုရရှိသည့် လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ကို ဂုဏ်ပြုဒိုင်းဆုများနှင့် ဂုဏ်ပြုဆုငွေများအား ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်သရေစည်သူကျော်စွာလင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အုပ်ဖွဲ့ပျံသန်းအဖွဲ့ဂုဏ်ပြုဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) အုပ်ဖွဲ့ပျံသန်းအဖွဲ့၊ စံပြတပ်ခွဲတတိယဆုရရှိသည့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲ ဒုတိယဆုရရှိသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စံပြတပ်ခွဲပထမဆုရရှိသည့် အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲများအား ဒိုင်းဆုနှင့် ဂုဏ်ပြုဆုငွေများအား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်မှ ထပ်မံပေးအပ်သည့် စစ်ရေးပြအကောင်းဆုံးတပ်ခွဲများဖြစ်သည့် ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု(အမျိုးသမီး)စစ်ရေးပြတပ်ခွဲ(၁) နှင့် အထူးတာဝန်တပ်ဖွဲ့(အမျိုးသမီး) တပ်ခွဲတို့အား အထူးဆုအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ)ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူကျော်စွာလင်းက ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် သရေစည်သူ ကျော်စွာလင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုချီးမြှင့်ပွဲကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

# အရိပ်

**မစန္ဒာ**

**"နှုတ်ခမ်းစူသွားသော အမာညိုအားကြည့်ရင်း တစ်အိမ်သားလုံး ဝါးခနဲရယ်လိုက်ကြလေသည်။ တစ်အိမ်သားလုံးပျော်ရွှင်ပြီး စိတ်လက်ပေါ့ပါးနေကြသည်။ နွေးထွေးသောမေတ္တာငွေ့သည် တစ်အိမ်လုံးကိုလွှမ်းခြုံထားသယောင်ရှိလေသည်။ ကျော်ထွန်းညို၏ဘေးတွင် ယှဉ်လျက်ထိုင်နေသော သက်သက်၏မျက်နှာလေးသည် နူးညံ့ချိုသာကာ ထူးထူးကဲကဲလှပနေသည်။ မျက်လုံးလေးသည် အရောင်လဲ့လဲ့ထွက်နေကာ ပါးကလေးက မသိမသာနီရဲနေသည်။ အမာညိုက အပိုးမသေသောမျက်နှာဖြင့် စပ်ဖြဲဖြဲလှမ်းကြည့်တိုင်း သူ့ခေါင်းလေးသည် ငုံ့၍ငုံ့၍သွားသည် . . ."**

**ယမန်နေ့မှအဆက်**

'တစ်ညလုံးတော့ ဆုတောင်းနေရမှာပဲ၊ ဒါပေမဲ့ ကျွန်တော့်အတွက်မဟုတ်ဘူး မမအတွက်'

'အောင်မာ ဘာငှါအတွက်လဲ'

'ဟုတ်တယ်ဗျ၊ မမရဲ့ကလေးမှာ အမြီးကလေး ပါမလာပါစေနဲ့လို့ ဆုတောင်းရမှာ၊ တော်ကြာ၊ ဒေါ်အမာညိုတစ်ယောက် မျောက်မွေးတယ်ဆိုရင် လူကြားမကောင်း သူကြားမကောင်း'

နှုတ်ခမ်းစူသွားသော အမာညိုအားကြည့်ရင်း တစ်အိမ်သားလုံး ဝါးခနဲရယ်လိုက်ကြလေသည်။ တစ်အိမ်သားလုံး ပျော်ရွှင်ပြီး စိတ်လက်ပေါ့ပါးနေကြသည်။ နွေးထွေးသောမေတ္တာငွေ့သည် တစ်အိမ်လုံးကိုလွှမ်းခြုံထားသယောင်ရှိလေသည်။ ကျော်ထွန်းညို၏ဘေးတွင် ယှဉ်လျက်ထိုင်နေသော သက်သက်၏မျက်နှာလေးသည် နူးညံ့ချိုသာကာ ထူးထူးကဲကဲလှပနေသည်။ မျက်လုံးလေးသည် အရောင်လဲ့လဲ့ထွက်နေကာ ပါးကလေးက မသိမသာနီရဲနေသည်။ အမာညိုက အပိုးမသေသော မျက်နှာဖြင့် စပ်ဖြဲဖြဲလှမ်းကြည့်တိုင်း သူ့ခေါင်းလေးသည် ငုံ့၍ငုံ့၍သွားသည်။

'ကိုကိုနော် ခဲဖိုးပေးရမှာနော်'

'ဘာလို့ပေးရမှာလဲ'

'မပေးရင်တော့ ကိုကိုတို့အခန်းထဲဝင်အိပ်မှာပဲ'

အမာညိုက ဆိုးနွဲ့နေပြန်သည်။ သူ့ကိုတော့ အားလုံးလက်မြှောက်ထားရလေသည်။ 'ကောင်းကောင်းနေတော့မယ် ကလေးမဆန်တော့ဘူး' ဟူသောစကားကို အတွင်းရွတ်ရင်း ယခင်ပုံစံအတိုင်း ဆိုးမြဲ၊ နွဲ့မြဲ၊ ဗိုလ်ကျမြဲဖြစ်နေလေသည်။ ယောကျ်ားရမှပင် ပို၍ဆိုးတော့သည်။ သူ့ယောကျ်ားက သူ့အလိုလိုက်တိုင်း လူတကာပေါ်တွင် ပိုပြီးဗိုလ်ကျချင်လာသည်။

ထိုနေ့ညက အမာညိုသည် သူ့စကားနှင့်အညီ ကျော်ထွန်းညိုတို့အခန်းထဲဝင်အိပ်နေသည်။ အမာညိုကို မြှောက်ပေးသူများက ပေါက်ကျိုင်းနှင့် ညီလင်းညိုတို့ဖြစ်သည်။ ငွေငါးဆယ်ပေးမှ ဖယ်ပေးမည်ဟု အကျပ်ကိုင်ကြလေသည်။

'ဟ ခွေးညိုမ ဖယ်ဟ'

'ဖယ်နိုင်ပါဘူး'

'နင့်ဗိုက်ကြီး ငါထုချလိုက်မယ်နော်'

'ထုပါလား ဒါမှ ကလေးလေးထွက်လာပြီး မင်္ဂလာခန်းက တစ်ခါတည်း မီးနေခန်းဖြစ်သွားမယ်'

ခုတင်ပေါ်တွင် ဗိုက်ကြီးအကားသားနှင့် တက်အိပ်နေသောအမာညိုက ခပ်တည်တည်ကြိမ်းရင်း မျက်လုံးကိုစုံမှိတ်ထားလိုက်သေးသည်။ မေမေကြီးက 'ဟဲ့ကောင်မလေး ထွက်ခဲ့' ဟု လှမ်းအော်နေသည်ကိုလည်း မကြားချင်ဟန်ဆောင်နေလေသည်။

အကျပ်ရိုက်နေသော ကျော်ထွန်းညိုအားကြည့်ရင်း ပေါက်ကျိုင်းနှင့် ညီလင်းညိုတို့သည်ပြုံးစိစိဖြစ်နေကြသည်၊ သက်သက်ကမူ ပန်းနုရောင်မျက်နှာလေးနှင့်ခေါင်းလေးငုံ့ကာ ပြုံးရယ်နေလေသည်။

ည ဆယ်နာရီခန့်ရှိပေပြီ။ တစ်နေကုန်စိတ်ပင်ပန်းထားသော မင်္ဂလာဦးစုံတွဲမို့လည်း အနားယူလိုလှချေပြီ။ ထို့ကြောင့် ဈေးဆစ်၍မရမည့်အတူတူ သူတို့တောင်းသောငွေကို ဆောင့်ကြီးအောင့်ကြီးဖြင့် ထုတ်ပေးလိုက်ရသည်။

'ဟား ဒါမှကိုကိုကွ၊ ဒို့အစ်ကိုက ဒီလိုလိမ္မာတာ၊ အဟား အိပ်မက်လှလှမက်ပါစေဗျာ၊ အဟီး ယောင်လို့ ယောင်လို့၊ အစ်ကိုတို့က အိပ်ကြမှာမှမဟုတ်တာ'

အပေါက်ဝတွင် ခေါင်းပြူကြည့်ရင်း ညီလင်းက နောက်ပြောင်နေသေးသည်။

ကျော်ထွန်းညိုက တံခါးကိုဆွဲပိတ်ကာ ဂျက်ချလိုက်သည်အထိ အပေါက်ဝမှ ခွာမသွားသေးဘဲ တံခါးရွက်ကိုခေါက်ကာ ရယ်မောနေကြသေးလေသည်။

ကျော်ထွန်းညိုသည် သက်ပြင်းကြီးချကာ သက်သက်အားလှမ်းကြည့်သည်။ ခုတင်ခြေရင်းတွင် မတ်တတ်လေးရပ်နေသော သက်သက်ကလည်း သူ့ကိုလှမ်းကြည့်နေသည်။ နှစ်ဦးစလုံးရင်ဆိုင်ကြည့်ကြရင်း သက်သက်သည် ရင်ခုန်လာသည်။ ထို့ကြောင့် သူက အလျှင်မျက်နှာလွှဲကာ ခေါင်းလေးငုံ့လိုက်သည်။ သူ့ဆီသို့ တရွေ့ရွေ့လျှောက်လာသော ကျော်ထွန်းညို၏ ခြေထောက်များကို ကြည့်နေရင်း နှုတ်ခမ်းလေးများက တုန်ယင်လာလေသည်။

'ဟိတ် ကောင်မလေးကို လွှတ်လိုက်'

ပေါက်ကျိုင်း၏အသံအစ်အစ်ကြီးက ငှက်ဆိုးထိုးသံကြီးလို ပေါ်လာသည်။ ကျော်ထွန်းညိုသည် ရုတ်တရက်မို့ လန့်ဖျပ်သွားမိသည်၊ မျက်လုံးပြူးပြီး ကြောင်တက်တက်ဖြစ်သွားလေသည်။ တီးတိုးစကားပြောသံနှင့် ရယ်သံများကို ကြားရသည်။ ကျော်ထွန်းညိုသည် မလှုပ်ရဲဘဲငြိမ်နေသည်။ သူတို့တွေ ပျင်းပြီး အခန်းရှေ့မှ ထွက်ခွာသွားသောခြေသံကိုကြားသော အခါမှ သက်ပြင်းကြီးကို ဟင်းခနဲ ချမိတော့သည်။

'တော်တော်ဆိုးတဲ့ကောင်တွေ'

'သူတို့လည်း ပျော်လို့ပေါ့ ကိုကိုရယ်'

'ပျော်စရာရှားလို့ဗျာ၊ ဟို ဗိုက်ပူမလေးက သာကဲသေးတယ်'

ကျော်ထွန်းညို မကျေမနပ်ပြောလေသည်။ တသိမ့်သိမ့်ခုန်နေသော ရင်အခုန်သည် ပျောက်သွားပြီး အူကြောင်ကြောင်ကြီးဖြစ်သွားလေသည်။

'လသာလိုက်တာ ကိုကိုရယ်၊ ခြံထဲမှာကြည့်ပါဦး၊ စံပယ်ပန်းလေးတွေ ပွင့်နေပြီ'

သက်သက်သည် ပြတင်းတံခါးကိုတွန်းဖွင့်ရင်းပြောသည်။ ကျော်ထွန်းညိုသည် မီးခလုတ်ကိုပိတ်လိုက်သည်။ ရွှန်းမြသော လရောင်သည် ဇာခန်းဆီးများကိုကျော်ဖြတ်ပြီး အခန်းတွင်းသို့ ဝင်ရောက်လာသည်။

'လှလိုက်တာ ကိုကိုရယ် ကြည့်ပါဦး၊ အခုလို မိုးဦးကျညမှာသာတဲ့လဆိုတာ မိုးတိမ်မိုးသားတွေကိုဖြတ်ပြီး မနည်းလင်းရတာနော်'

ကျော်ထွန်းညိုသည် သက်သက်နှင့်အတူ ပြတင်းဝတွင်ယှဉ်ရပ်ရင်း လပြည့်ဝန်းကိုမော့်ကြည့်မိသည်။ မိုးတိမ်မိုးသားများက ကွက်ကျားရှိနေသော်လည်း လပြည့်ဝန်းက ထိန်ထိန်သာနေသည်။ တရိပ်ရိပ်ပြေးလွှားနေသော မိုးသားများကမူ လပြည့်ဝန်းကို ဇာပဝါပါးပါးဖြင့်ခြုံလိုက်သလို တစ်ခါတစ်ရံ ရိပ်ခနဲဖုံးကွယ်ထားတတ်ကြလေသည်။

'ကိုကိုရယ် သီချင်းဆိုပါလား'

'ဟာ ကိုကို့အသံက ကောင်းမှမကောင်းဘဲ၊ သက်သက်ဆိုလေ'

'ဟင် သက်အသံကလည်း မကောင်းဘူး'

သက်သက်သည် ကျော်ထွန်းညို၏ပခုံးကို နွဲ့နွဲ့လေးမှီလိုက်သည်။ ကျော်ထွန်းညိုကလည်း သက်သက်၏ပခုံးကို သိုင်းဖက်ထားလိုက်သည်။ နှစ်ဦးစလုံး၏ရင်ထဲတွင် ချမ်းမြေ့ကြည်နူးနေကြသည်။

အေးမြနေသောလရောင်ဝယ် သက်သက်၏မျက်နှာလေးသည် ပျော်ရွှင်ကြည်နူးမှုနှင့် တောက်ပနေသည်။ တစ်ပွင့်စ နှစ်ပွင့်စပွင့်နေသော စံပယ်ပွင့်လေးများကိုငေးကြည့်နေရင်း သူ့ကိုယ်သူ ပန်းမွေ့ရာထဲသို့ ရောက်နေသည်ဟု ထင်နေမိလေသည်။

'ကိုကိုရယ်'

'သက်'

'သိပ်လှတယ် ကိုကိုရယ်၊ ဒီလိုညကြီးကို အိပ်ပစ်လိုက်ရမှာ နှမြောစရာကြီး'

'အင်း'

ကျော်ထွန်းညိုသည် သက်သက်နဖူးစွန်းလေးကို မထိတထိရှိုက်နမ်းလိုက်သည်။ သင်းပျံ့သောသနပ်ခါးနံ့လေးကို ရှိုက်၍ရှူရင်း ယစ်မူးရီဝေလာသည်။

'တစ်ညလုံးမအိပ်ဘဲ စကားပြောကြရအောင်လေ နော် ကိုကို'

'ဟင် ဘယ်ဖြစ်မလဲ'

ကျော်ထွန်းညိုသည် သက်သက်ကို တင်းကျပ်စွာဖက်လိုက်ရင်း ကန့်ကွက်သည်။ လဝန်းကိုတိမ်ဖုံးသွားသည်။ စံပယ်ရနံ့က ပိုပြီးမွှေးလာသည်။ လေပြည်အေးက ပိုပြီးအေးလာသည်။

အရေးကောင်း ဒိန်းဒေါင်းဖျက်ပြန်သည်။ အပေါ်ထပ်သို့ တဒုန်းဒုန်းပြေးတက်သွားသောအသံနှင့်အတူ ငှက်ဆိုးထိုးသံနှင့်တူသော ရွှေယောက်ဖပေါက်ကျိုင်း၏အသံကို ကြားရပြန်သည်။

'မေကြီး မာညိုဗိုက်နာနေတယ်တဲ့ မာညိုဗိုက်နာတယ်တဲ့ဗျ မေကြီးရ'

သက်သက်သည် ကိုကို့ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ လရောင်သည် ပြန်လင်းလာသည်။ သနပ်ခါးနံ့ရှူရင်း မူးနေသော ကျော်ထွန်းညိုလည်း အတန်ငယ် အမူးပြေသွားသည်။

သူတို့နှစ်ဦး အခန်းထဲမှထွက်လာသော အခါ မျက်စိမျက်နှာပျက်နေသော အမာညိုအား ဧည့်ခန်းထဲတွင်တွေ့ရသည်။ ခါးတစ်ဖက်ကို လက်ကလေးနှင့်ဖိထောက်ထားရင်း ထိုင်နေရမလို ထနေရမလိုနှင့် မျက်နှာလေးရှုံ့နေသည်။

'ရက်မစေ့သေးဘူး၊ တစ်ပတ်လောက်လိုသေးတယ် မိသက်ရဲ့၊ မေမေ မာညိုဗိုက်နာတာ ကလေးမွေးချင်လို့လား၊ ဝမ်းသွားချင်လို့လား၊ ဘာမှန်းလဲမသိဘူး မေကြီးရဲ့ ပြောစမ်းပါ'

အမာညိုသည် သူ့ကိုယ်သူ ကလေးမွေးတော့မည်ဟု ထင်ဟန်မတူချေ။ သို့သော်လည်း သူ့ကို ညတွင်းချင်းပင် ဆေးရုံပို့ကြရသည်။ နံနက်လင်းအားကြီးတွင် အမာညိုသည် သူတို့အားလုံးအတွက် ချစ်စရာသားယောကျ်ားလေးတစ်ဦးကို ဖွားမြင်ပေးခဲ့လေသည်။

■ ■ ■ ■ ■

**ဆက်လက်ဖော်ပြပါမည်။**

★ **စာမျက်နှာ ၁၅ မှအဆက်**

ရုပ်ရှင်ဂီတအနုပညာရှင်များ၊ ဒေသခံမိဘပြည်သူများကလည်း စစ်ကြောင်းကြီးများချီတက်ရာလမ်းတစ်လျှောက် သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများ စွပ်၍ ကြိုဆိုခဲ့ကြပြီး စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ဇာတိသွေး၊ ဇာတိမာန်အပြည့်ဖြင့် စစ်ချီတေးများကို သံပြိုင်ဟစ်ကြွေးသီဆိုချီတက်လာကြပြီး စစ်ရေးပြကွင်းအတွင်းသို့ ရောက်ရှိနေရာယူကြသည်။

အဆိုပါ (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ဧယျကျော်ထင်စည်သူရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ဧယျကျော်ထင်သရေစည်သူကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဧယျကျော်ထင်ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဧယျကျော်ထင်စည်သူထွန်းအောင်၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရဲဘော်သုံးကျိပ်ဝင် မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊ လွှတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သား အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ တပ်မတော်သား မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အသွင်ပြောင်းပြည်သူ့စစ်၊ မူလပြည်သူ့စစ်နှင့် နယ်ခြားစောင့် ဗဟိုအကြံပေးကွပ်ကဲရေးအဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှ ပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တပ်မတော်နေ့အလှူရှင်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့တက်ရောက်သတင်းရယူကြသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများကိုတွေ့ရစဉ်။

ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပသည့် စစ်ရေးပြကွင်းသို့ရောက်ရှိပြီး အလေးပြုခံစင်မြင့်၌ နေရာယူရာ စစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အလေးပြုကြသည်။ ထိုသို့ စစ်ကြောင်းကြီးများ၏အလေးပြုခြင်းကိုခံယူနေချိန်တွင် ဂုဏ်ပြုအမြောက်တပ်ဖွဲ့မှလည်း အမြောက် ၁၉ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်သည်။

ထိုသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် စစ်ရေးပြကွင်းသို့ ရောက်ရှိစဉ် MiG-29 ဘက်စုံသုံး တိုက်လေယာဉ် ၁ စင်းက ရှုရပ်ရှေ့တည့်တည့်မှ မီးကျည်များထုတ်လွှတ်၍ အလေးပြုပျံသန်းသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်ရေးပြစစ်ကြောင်းကြီးများအား လိုက်လံစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ စစ်ရေးပြစစ်ကြောင်းကြီးများမှ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော တပ်မတော်သားများအား အလေးပြုကြပြီး သစ္စာလေးချက်ကို သံပြိုင်ရွတ်ဆိုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်က မိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံကို စာမျက်နှာ ၆ တွင် သီးခြားဖော်ပြထားပါသည်။)**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲရင့်ဝင်း ဦးဆောင်သော စစ်ကြောင်းကြီးများမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အစီအစဉ်အတိုင်း စစ်ကြောင်းပုံဖြင့် ညီညာစွာချီတက်အလေးပြုကြပြီး စစ်ရေးပြကွင်းကြီးအတွင်းမှ ပြန်လည်ထွက်ခွာကြသည်။

ထိုသို့ ချီတက်အလေးပြုချိန်တွင် တပ်မတော်(လေ)မှ MTX – 1 A လေယာဉ် တစ်စင်းနှင့် PT-6 လေယာဉ် ၂ စင်းတို့က ရှုရပ်၏ရှေ့တည့်တည့်မှ Composite Formation ပုံစံဖြင့်လည်းကောင်း၊ Mi-17 ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ပျံသန်း၍လည်းကောင်း၊ Mi-2M ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ပျံသန်း၍လည်းကောင်း၊ H-125 ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ပျံသန်း၍လည်းကောင်း၊ Bell-206 ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ ပျံသန်း၍လည်းကောင်း၊ Eurocopter ရဟတ်ယာဉ် ၂ စင်းက Trail Formation ပုံစံဖြင့် ရှုရပ်၏လက်ဝဲဘက်မှ လက်ယာဘက်သို့ပျံသန်း၍လည်းကောင်း၊ H-125 ရဟတ်ယာဉ် ၂ စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ဝင်ရောက်လာပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ Bell-206 ရဟတ်ယာဉ် ၂ စင်းက ရှုရပ်၏ ရှေ့တည့်တည့်မှဝင်ရောက်ပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ် ပျံသန်း၍လည်းကောင်း၊ Eurocopter ရဟတ်ယာဉ် ၂ စင်းက ရှုရပ်၏အရှေ့ညာ ၄၅ ဒီဂရီမှဝင်ရောက်လာပြီး Echelon Formation ပုံစံဖြင့် ဒုတိယအကြိမ်ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ပျံသန်း၍လည်းကောင်း၊ BEECH 1900D အမျိုးအစား သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်းက ရှုရပ်၏ အရှေ့ညာ ၄၅ ဒီဂရီမြင်ကွင်းမှ ပျံသန်း၍လည်းကောင်း၊ ATR 72 သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းက ရှုရပ်၏ ရှေ့တည့်တည့်မှ ပျံသန်း၍လည်းကောင်း၊ K-8 W တိုက်ခိုက်ရေးလေယာဉ် ၂ စင်းက Echelon Formation ပုံစံဖြင့်ရှုရပ်၏အရှေ့ညာ ၄၅ ဒီဂရီ မြင်ကွင်းမှပျံသန်း၍လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန်ဘက်စုံသုံး အကြီးစားတိုက်လေယာဉ် ၃ စင်းက ရှုရပ်၏ အရှေ့ဘယ် ၄၅ ဒီဂရီမြင်ကွင်းမှ ဝင်ရောက်ကာ Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ Su-30 SME စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံးအကြီးစား တိုက်လေယာဉ် ၃ စင်းက ပွဲကြည့်စင်နောက်မှ ရှုရပ်၏အရှေ့ဘက်သို့ပျံသန်း၍ Flare မီးကျည်များ ထုတ်လွှတ်၍လည်းကောင်း အသီးသီးသရုပ်ပြပျံသန်းကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အလေးပြုကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်သည် တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ စစ်ရေးပြကွင်းကြီးမှ ပြန်လည်ထွက်ခွာခဲ့ပြီး ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

(၈၁)နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြကျင်းပသော နေပြည်တော်စစ်ရေးပြကွင်းကြီးတွင်ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ တပ်မတော်နေ့ မီးရှူးတိုင်နှင့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်ကြီးကိုလည်းကောင်း ဝင့်ထည်စွာတွေ့မြင်နိုင်သည့်အပြင် ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံးအလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏အမှတ်တံဆိပ်ပါ ရောင်စုံအလံများ တလွင့်လွင့် လွှင့်ထူထားကြသည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပြီး စစ်ကြောင်းကြီးများချီတက်ရာလမ်းကြောင်းတစ်လျှောက်၌ စစ်ကြောင်းများ၏ ကိုယ်စားပြုအရောင်အလှမီးများ၊ မီးအလှထွန်းသည့် Truss Beam များ၊ မီးဆိုင်းများ၊ Light Box များ၊ Lighting Pole များဖြင့်လည်းကောင်း၊ စစ်ရေးပြကွင်းကြီး၏အဝင်မုခ်ဦးတွင် LED Strip Light များအသုံးပြု၍ စစ်ကြောင်းကြီးများ၏ ကိုယ်စားပြုအရောင်များအတိုင်း ပြောင်းလဲအလှဆင်၍လည်းကောင်း၊ လမ်းဘေးဝဲယာ တစ်လျှောက်၌လည်း မိုးစက်မီးများ၊ Up Light များ၊ Program LED Strip Light များ၊ ရောင်စုံအလှမီးများဖြင့် ဆင်ယင်ထားပြီး စစ်ကြောင်းကြီးများအား ဂုဏ်ပြုကြိုဆိုပါ၏ စာတန်းများ၊ နိုင်ငံတော်အလံနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) အလံများကို Lighting Effect မီးအလှများဖြင့် ပုံဖော်၍လည်းကောင်း၊ စစ်ရေးပြကွင်းအတွင်း အလေးပြုခံစင်မြင့်မျက်နှာမူရာရှိသစ်ပင်များ၌လည်း Hand-made အလှမီးများဖြင့်လည်းကောင်း၊ မင်းကြီးသုံးပါးရုပ်တုအောက်ခံ၌ တပ်မတော်အလံပုံဖော်ထားသည့် ကြယ်တံဆိပ်နှစ်ခုအား LED Strip Light များဖြင့်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် ပြန်လည်ထွက်ခွာမည့် လမ်းတစ်လျှောက်တွင်လည်း Flag Light Box များ၊ LED Strip Light များဖြင့် အသီးသီးပုံဖော်အလှဆင်ထားသည်ကို တွေ့မြင်နိုင်မည်ဖြစ်သည်။

ထို့အပြင် (၈၁)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေးကားလမ်းမနှင့် ပင်လောင်းလမ်းဆုံတွင် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိပြီး စစ်ရေးပြကွင်းကြီးသို့ချီတက်ရာ လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ ဆောင်ပုဒ်များကို LED ဆိုင်းဘုတ်များ အသုံးပြု၍ မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် စာတန်းများရေးထိုးထားရှိကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား တပ်မတော်(လေ)မှ လေယာဉ်များက သရုပ်ပြပျံသန်း၍အလေးပြုစဉ်။

ထိုသို့ချီတက်ချိန်တွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး၊ ကော်မရှင်အဖွဲ့ဝင်ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၏ ဇနီးများက ဂုဏ်ပြုပန်းကုံးများစွပ်၍ကြိုဆိုကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။









(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့်ဧည့်သည်တော်များကိုတွေ့ရစဉ်။

☆ စာမျက်နှာ ၁၇ မှအဆက်

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် ဗန္ဓုလစစ်ကြောင်း။

စစ်ကြောင်းမှူး ရဲမှူးချုပ်ဝင်းဇော်နိုင်ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုအမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုအမျိုးသမီးစစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုအမျိုးသမီးစစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၁)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၃)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင်သည့် အောင်ဆန်းစစ်ကြောင်းတို့က စစ်တီးဝိုင်းအဖွဲ့များနှင့်အတူ စစ်ရေးပြကွင်းအတွင်းသို့ အစီအစဉ်အတိုင်း ချီတက်ကြသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊

စာမျက်နှာ ၁၄ သို့ ☆

★ **ရှေ့ဖုံးမှအဆက်**

ထို့နောက် ဗဟိုစစ်တီးဝိုင်းအဖွဲ့သည် စစ်ရေးပြကွင်းအတွင်းရှိ သတ်မှတ်နေရာ၌ ဆက်လက်နေရာယူပြီး ယန္တရားစစ်ကြောင်းမှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းအောင် ဦးဆောင်၍ အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ဒုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု ယန္တရားတပ်ခွဲ၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု ယန္တရားတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု ယန္တရားတပ်ခွဲတို့က ချီတက်နေရာယူကြပြီး ဘက်ပိုက်တပ်စုက သတ်မှတ်နေရာတွင် နေရာယူသည်။

ယင်းနောက် တပ်ခွဲမှူး ဗိုလ်ကြီးဒေါ်နှင်းနုရှိန်ဦးဆောင်သည့် တပ်မတော်(ကြည်း) အထူးတာဝန်တပ်ဖွဲ့ အမျိုးသမီးစစ်ရေးပြ တပ်ခွဲနှင့် တပ်ခွဲမှူး ဗိုလ်မှူးဝင်းသူထွန်း ဦးဆောင်သည့်တပ်မတော်(ရေ)အထူးတာဝန် တပ်ဖွဲ့ စစ်ရေးပြတပ်ခွဲတို့သည် စစ်ရေးပြ ကွင်းကြီးအတွင်းသို့ ချီတက်နေရာယူကြ သည်။

ဆက်လက်ပြီး စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲရင့်ဝင်းဦးဆောင်၍ အလံတော်အဖွဲ့၊ ၎င်းနောက်မှ စစ်ကြောင်းမှူး ဗိုလ်မှူးချုပ် ကျော်မြဝင်း ဦးဆောင်သည့်ဂုဏ်ပြုတပ်ခွဲ၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်ရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကမ်းရိုးတန်း ဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုစစ်ရေးပြ တပ်ခွဲ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် အနော်ရထာစစ်ကြောင်း။



စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုနိုင် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ သံချပ်ကာ ယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးပစ္စည်း ထုတ်လုပ်ရေးအရာရှိချုပ်ရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ စစ်လက်နက်ပစ္စည်းညွှန်ကြား ရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲတို့ပါဝင်သည့် ကျန်စစ်သား စစ်ကြောင်း။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင် (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်မျိုးဟိန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်)စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု အမျိုးသမီး(ပညာသည်)စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ပါဝင် သည့် ဘုရင့်နောင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းထက် ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြုအမျိုးသမီး စစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြ တပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ကိုယ်စားပြု အမျိုးသမီးစစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၄) တို့ပါဝင်သည့် အောင်ဇေယျစစ်ကြောင်း။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ စစ်ရေးပြစစ်ကြောင်းကြီးများအား ဂုဏ်ပြုပန်းကုံးစွပ်၍ကြိုဆိုစဉ်။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်အား စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်ရဲရင့်ဝင်း ဦးဆောင်သော စစ်ကြောင်းကြီးများက စစ်ကြောင်းပုံဖြင့် ညီညာစွာချီတက်အလေးပြုကြစဉ်။




(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ချီတက်လာသည့် စစ်ရေးပြစစ်ကြောင်းကြီးများအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့်တပ်နယ်အသီးသီးတို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ၊ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများ၊ ရုပ်ရှင်ဂီတအနုပညာရှင်များနှင့်ဒေသခံမိဘပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကာ ဂုဏ်ပြုပန်းကုံးများစွပ်၍ကြိုဆိုကြစဉ်။



ဂုဏ်ပြုအမြောက်တပ်ဖွဲ့က အမြောက် ၁၉ ချက်ကို စစ်ရေးပြအခမ်းအနားဖြင့် ဂုဏ်ပြုပစ်ဖောက်စဉ်။



(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြကွင်းအတွင်းသို့ ယန္တရားစစ်ကြောင်းကြီးများက ချီတက်နေရာယူစဉ်။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်ဇော်ဇော်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု အမျိုးသမီး (ပညာသည်)စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု အမျိုးသမီး(ပညာသည်) စစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၁)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ကိုယ်စားပြုစစ်ရေးပြတပ်ခွဲ(၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၃)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ(၄)တို့ ပါဝင်သည့် ဆင်ဖြူရှင်စစ်ကြောင်း။

စစ်ကြောင်းမှူး ဗိုလ်မှူးချုပ်ဖေသက်ထွန်း ဦးဆောင်သည့် ဂုဏ်ပြုတပ်ခွဲ၊ လေကြောင်းချီစစ်ရေးပြတပ်ခွဲ၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ **စာမျက်နှာ ၁၅ သို့** ☆

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Parade of 81st Anniversary Armed Forces Day held; Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing delivers address




Senior General Min Aung Hlaing takes the salute of the mechanized column.

NAY PYI TAW March 27

The Parade of the 81st Anniversary Armed Forces Day took place at Nay Pyi Taw military parade ground this evening with an address by Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing.

Officers and other ranks of the Tatmadaw (Army, Navy and Air), female parade company of the Tatmadaw (Army), members of Myanmar Police Force and female parade company of MPF in columns which would participate in the parade ceremony took positions at the Thittat parade ground and participated in it as per the parade agenda.

ကမ္ဘောဒီးယားနိုင်ငံတွင် BYD၊ GAC နှင့် Toyota စသည့် လျှပ်စစ်ကားအမှတ်တံဆိပ်များမှာ လူကြိုက်အများဆုံးဖြစ်နေသည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် လျှပ်စစ်ကားအရေအတွက်ကို အစီးရေ ၃၀၀၀၀ အထိတိုးမြှင့်ရန် အစိုးရကရည်မှန်းထားပြီး ယခုကဲ့သို့ သုံးစွဲသူများပြားလာခြင်းသည် နိုင်ငံ၏ စွမ်းအင်ကဏ္ဍအတွက် အရွေ့တစ်ခုဖြစ်လာကြောင်းသိရသည်။ **Ref: Xinhua**

# အမေရိကန်က ကမ္ဘာ့စွမ်းအင်အခြေခံ အဆောက်အဦများကို ထိန်းချုပ်ရန်ကြိုးပမ်းနေ

**မော်စကို၊ နိုင်ငံရေး**

အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့စွမ်းအင် အခြေခံအဆောက်အဦများကို ထိန်းချုပ်ရန်ကြိုးပမ်းနေသည်မှာ ထင်ရှားလှကြောင်း ရုရှားအစိုးရအဖွဲ့မှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပက်စကော့က မတ်လ ၂၇ ရက်တွင်ပြောသည်။ ရုရှားနိုင်ငံ၏ Nord Stream နှင့် NordStream 2 ဓာတ်ငွေ့ပိုက်လိုင်းများကို အမေရိကန်က တစ်ဦးတည်းစီမံခန့်ခွဲလိုသည့်ဆန္ဒရှိနေခြင်းနှင့် ပတ်သက်၍ ရုရှားအစိုးရ၏သဘောထားကို မေးမြန်းရာတွင် ပက်စကော့က ယခုကဲ့သို့ပြန်လည်ဖြေကြားခြင်းဖြစ်သည်။

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ကလည်း အမေရိကန်သည် ရုရှား၏ ဓာတ်ငွေ့ပိုက်လိုင်းများကို သိမ်းပိုက်လိုသည့် ဆန္ဒရှိနေကြောင်း အစောပိုင်းတွင်ထုတ်ဖော်ပြောဖူးသည်။ ရုရှားနှင့် အမေရိကန်တပ်မတော်တို့ကြား ယူကရိန်းအရေးနှင့်ပတ်သက်၍ တင်းမာမှုများရှိနေသော်လည်း နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရှိနေသေးကြောင်း ပက်စကော့က ဆိုသည်။

ရုရှားနှင့် အမေရိကန်တို့ပူးပေါင်းကာ ခရတ်စနိုယာ့ဒေသ၌ အလူမီနီယံထုတ်လုပ်ခြင်းနှင့် ဒွန်ဘတ်ဒေသ၌ မြေရှားသတ္တုတူးဖော်ခြင်းတို့ကို အတူတကွလုပ်ဆောင်နိုင်မည့်အစီအစဉ်များကို ရုရှားသမ္မတက ပြီးခဲ့သည့်နှစ်တွင် ပြောထားဖူးကြောင်း သိရသည်။ **Ref: Sputnik**



## အစိုးရဓမ္မာစရိယစာမေးပွဲ (ပဉ္စမနေ့) ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၇

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ ပဉ္စမနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိစာဖြေဌာန ၆၅ ဌာနတို့၌ ဆက်လက်ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၁၀၆၇၉ ပါး/ဦးအနက် ၈၄၄၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၀၆ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ မြဝတီ

## စက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code စနစ်ဖြင့် စက်သုံးဆီများစိစစ်ရောင်းချမှု ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် မတ် ၂၇

ပြည်သူများအနေဖြင့် စက်သုံးဆီဝယ်ယူရာတွင် ပိုမိုအဆင်ပြေချောမွေ့မှုရှိစေရေးနှင့်အရောင်းဆိုင်များတွင် ယာဉ်တန်းစီမှု ပိုမိုလျော့ချနိုင်ရေးတို့အတွက်အဆင့်မြှင့်တင်ထားသည့် Bar Code/QR Code စနစ်ဖြင့် ယာဉ်၏စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပြုထားသည့်အတိုင်း စက်သုံးဆီများ စိစစ်ရောင်းချခြင်းကို နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့၌ ယနေ့တွင် စတင်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်နိုင်ဝင်းသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများအတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Online Monitoring Center မှတစ်ဆင့် Online ဖြင့် စောင့်ကြည့်ထိန်းကျောင်းကြပ်မတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

Online Monitoring Center တွင် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် တောင်ကြီးမြို့တို့ရှိ အရောင်းဆိုင်များမှ ယာဉ်၏စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပြုထားသည့်အတိုင်း စက်သုံးဆီများ စိစစ်ရောင်းချပေးနေမှုကို Online ဖြင့် စောင့်ကြည့်ထိန်းကျောင်းကြပ်မတ်လျက်ရှိကြောင်း၊ ယခု Bar Code/QR Code စနစ်အား ရန်ကုန်-မန္တလေးလမ်းမကြီးတစ်လျှောက်ရှိ စက်သုံးဆီအရောင်းဆိုင်များ၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိမြို့တို့တွင်လည်း ဆက်လက်အကောင်အထည်ဖော်နိုင်ရေး သင်တန်းပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ Bar Code/QR Code ဖြင့် Scan ဖတ်ယူရန် အခက်အခဲရှိသည့်ယာဉ်များ၊ လုပ်ငန်းသုံးမော်တော်ယာဉ်ငယ်များနှင့် အခြားလုပ်ငန်းသုံးကဏ္ဍများအတွက်လိုအပ်သည့်စက်သုံးဆီများကိုလည်း မှတ်တမ်းထားရှိ၍ ရောင်းချပေးလျက်ရှိကြောင်း၊ အရောင်းဆိုင်များအနေဖြင့် ဝယ်ယူခွင့်ရှိသည့် ပမာဏများအတိုင်း ရောင်းချပေးလျက်ရှိပြီး အရောင်းဆိုင်များတွင် ပြတ်လပ်မှုမရှိစေရေး စီစဉ်ထားရှိကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များရှိ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများနှင့် ဆက်စပ်ဌာနများမှ ပူးပေါင်းအဖွဲ့များဖြင့်လည်း အရောင်းဆိုင်များသို့ မြေပြင်ကွင်းဆင်း၍ လိုအပ်သည်များကူညီဆောင်ရွက်ပေးခြင်းနှင့်စစ်ဆေးကြပ်မတ်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အရောင်းဆိုင်များတွင် စက်သုံးဆီအလုံအလောက်ရှိသဖြင့် ပြည်သူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ လိုအပ်သလောက်သာ ဝယ်ယူစေလိုကြောင်း၊ စက်သုံးဆီဝယ်ယူရာတွင် အခက်အခဲများရှိပါက တိုင်ကြားနိုင်ကြောင်း၊ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီဖြေရှင်းဆောင်ရွက်ပေးသွားနိုင်ရေး Call Center ဖွင့်လှစ်ထားရှိကြောင်းနှင့် နည်းပညာဆိုင်ရာအခက်အခဲများနှင့် အခြားတင်ပြတိုင်ကြားလိုပါက ဆက်သွယ်ရန် Call Center ဖုန်းနံပါတ်များဖြစ်သည့် ဖုန်း-၀၉-၄၄၀၄၃၃၃၂၄၊ ၀၉-၈၉၉၁၂၉၂၉၆၊ Viber-၀၉-၄၀၁၇၄၈၅၉၈ တို့ကိုတိုင်ကြားနိုင်ကြောင်း သိရသည်။ မြဝတီ

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မင်းဘူး | ၄၁.၅°C |
| ဆင်ဖြူကျွန်း | ၄၀.၆°C |
| ပဲခူး | ၄၀.၄°C |
| ချောက် | ၄၀.၄°C |
| တောင်ငူ | ၄၀.၃°C |
| ရွှေကျင် | ၄၀.၂°C |
| ညောင်ဦး | ၄၀.၁°C |
| မြင်းမူ | ၄၀.၁°C |
| မြင်းခြံ | ၄၀°C |
| ဖြူး | ၄၀°C |
| တောင်တွင်းကြီး | ၄၀°C |
| ဘားအံ | ၄၀°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၇ | ၃၃ |
| ရှမ်း(မြောက်) | ၁၆ | ၃၅ |
| ရှမ်း(အရှေ့) | ၁၄ | ၃၂ |
| ရှမ်း(တောင်) | ၁၁ | ၃၁ |
| ချင်း | ၇ | ၂၆ |
| စစ်ကိုင်း(အထက်) | ၁၉ | ၃၄ |
| စစ်ကိုင်း(အောက်) | ၂၁ | ၃၉ |
| နေပြည်တော် | ၂၃ | ၃၈ |
| မန္တလေး | ၂၂ | ၃၉ |
| မကွေး | ၂၁ | ၄၁ |
| ရခိုင် | ၂၃ | ၃၂ |
| ပဲခူး | ၂၀ | ၄၀ |
| ရန်ကုန် | ၂၃ | ၃၉ |
| ဧရာဝတီ | ၂၂ | ၃၇ |
| ကယား | ၁၅ | ၃၄ |
| ကရင် | ၂၁ | ၄၀ |
| မွန် | ၂၃ | ၃၇ |
| တနင်္သာရီ | ၂၃ | ၃၇ |

## ၂၇-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

➤ **ကျောဖုံးမှအဆက်**

စ၍ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပဲခူး-မော်လမြိုင်ရထားလမ်း အရှည်မိုင် ၁၃၀ ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ကိုးချောင်းဆက်သံလမ်း လဲလှယ်ခြင်း၊ ကွန်ကရစ်ဇလီဖားတုံးများ ဖြည့်တင်းခြင်း၊ တစ်မိုင်လျှင် ၃၅၀ ကျင်းနှုန်းဖြင့် လမ်းခင်းကျောက်ဖြည့်တင်းခြင်း၊ Automatic Levelling Lining & Tamping Machine (ALL-TM)စက်ကြီးဖြင့်လမ်းပက်ကင်ရိုက်ခြင်း၊ လမ်းပိုင်းအချောသပ်ပြုပြင်ခြင်း၊ တံတားများအဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်ပြီးစီးခဲ့ပြီး ကျောက်ကျင်းပေါင်း ၂၆၀၂၆ ကျင်း ထပ်မံဖြည့်တင်းနိုင်ခဲ့သည်။

ယခင်က ခရီးအကွာအဝေး ၁၇၆ မိုင်ရှိသော ရန်ကုန်-မော်လမြိုင်ရထားလမ်းခရီးတစ်လျှောက် အများဆုံး ၄၈ ကီလိုမီတာနှုန်းဖြင့်ပြေးဆွဲခဲ့ရာမှ အထက်ပါ လမ်းပိုင်းအဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခဲ့ပြီးနောက် အများဆုံး ၆၄ ကီလိုမီတာနှုန်းအထိတိုးမြှင့်လာနိုင်ခဲ့ပြီး ပြေးဆွဲချိန်လျှော့ချနိုင်ခဲ့သည်။

အဆိုပါ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ပဲခူး-မော်လမြိုင်လမ်းပိုင်းတစ်လျှောက် ကွေ့ ၅ ဒီဂရီထက်ပိုမိုသောနေရာ ၁၆ နေရာအထိရှိပြီး မိုင်နှုန်းကန့်သတ်ချက်များကြောင့် ပြေးဆွဲချိန် ထပ်မံလျှော့ချနိုင်ရန်အတွက် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ တစ်မိုင်လျှင် ကျောက်ကျင်း ၃၅၀ ရှိသည့်နေရာများ၌ ကျောက်ကျင်း ၁၅၀ ကျင်းထပ်မံဖြည့်တင်းပြီး တစ်မိုင်လျှင်လမ်းခင်းကျောက် ၅၀၀ ကျင်းနှုန်းပြည့်အောင် ဖြည့်တင်းခြင်းဖြင့် လမ်းပိုင်းအား မိုင်နှုန်းမြှင့်နိုင်ရေး ဆောင်ရွက်ခြင်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အပြီးဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျောက်ကျင်းပေါင်း ၁၃၄၈၉ ကျင်း ထပ်မံဖြည့်သွင်း ဆောင်ရွက်နိုင်ခဲ့သည်။

ပဲခူး-မော်လမြိုင် လမ်းပိုင်းအားလုံးအတွက်ထပ်မံ၍ ကျောက်ကျင်း ၅၂၇၉ ကျင်း ထပ်မံဖြည့်တင်းဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းပိုင်းတစ်ခုလုံး အဆင့်မြှင့်တင်မွမ်းမံပြီးစီးပါက အများဆုံး ၇၅ ကီလိုမီတာနှုန်းဖြင့် ရထားပြေးဆွဲပေးသွားနိုင်မည်ဖြစ်ပြီး ရထားပြေးဆွဲချိန်အား ထပ်မံလျှော့ချပေးနိုင်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၇

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ (မိုး/ဇလ)

# လက်တွေ့အသုံးချဆေးနည်းတို(ဆေးမြီးတို)များ

**ဆရာကြီးခင်ဗျာ။ ကျွန်တော်က သစ်တောဝန်ထမ်းဟောင်းတစ်ဦးပါ။ အသက် ၅၀ ကျော်ပါပြီ။ တာဝန်ထမ်းဆောင်ရင်း လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က ငှက်ဖျားရောဂါရခဲ့ပါတယ်။ ပဲခူးရိုးမတစ်နေရာက ရခဲ့တာပါ။ ငှက်ဖျားရောဂါက ခြင်ကတစ်ဆင့် ကူးစက်တဲ့ရောဂါတစ်မျိုးဖြစ်ပြီး ပျောက်ကင်းဖို့လည်း အချိန်အတော်ယူရပါတယ်။ ငှက်ဖျားဆေးအပြင်းတွေသောက်ရတဲ့အတွက် သွေးနီဥအားနည်းပြီး ဆေးရုံလည်းတက်ဖူးပါတယ်။ အခုချိန်အထိ မိုးအေးတဲ့ရာသီဥတုတွေမှာ အခန့်မသင့်ရင် အဖျားပြန်တက်ပါတယ်။ ဖျားတဲ့အခါ ချမ်းတုန်ပြီး ဖျားပါတယ်။ ကျွန်တော်သိလိုတာက တိုင်းရင်းဆေးပညာမှာ ငှက်ဖျားကုထုံးများရှိပါသလား။ ငှက်ဖျားရောဂါပျောက်ကင်းစေနိုင်တဲ့ ဆေးနည်းတွေရှိရင်လည်း ပြန်လည်မျှဝေပေးစေလိုပါတယ်။ နောက်တစ်ခုက စိမ့်စမ်းရေသောက်ရင် ငှက်ဖျားဖြစ်တယ်ဆိုတာ မှန်ပါသလား။ ငှက်ဖျားရောဂါက ရခိုင်ငှက်ပျောသီး၊ တောငှက်ပျောသီးစားရင် ငှက်ဖျားပြန်ထတယ်ဆိုတာ မှန်ပါသလားဆရာ။ ရှင်းလင်းရေးသားပေးစေလိုပါတယ်။**

ငှက်ဖျားရောဂါက Anopheles ခြင်ကိုက်ခံရမှုကနေတစ်ဆင့် ကူးစက်တဲ့ရောဂါဖြစ်ပါတယ်။ နှစ်စဉ်ကမ္ဘာ့လူဦးရေရဲ့ ငှက်ဖျားရောဂါဖြစ်ပွားမှုက လူဦးရေသန်း ၃၅၀ ကနေ ၅၀၀ နီးပါးရှိပြီး ရောဂါကြောင့်သေဆုံးသူဦးရေမှာ တစ်သန်းကနေ သုံးသန်းကြားရှိပါတယ်၊ သေဆုံးသူအများစုက အာဖရိကတိုက် ဆာဟာရဒေသငယ်အတွင်းက ကလေးငယ်တွေဖြစ်ပါတယ်။ အာဖရိကတိုက် ဆာဟာရဒေသမှာ ငှက်ဖျားရောဂါကြောင့် သေဆုံးသူ ၉၀ ရာခိုင်နှုန်းရှိပါတယ်။

ခြင်ကိုက်ပြီး ကူးစက်တဲ့ပလပ်စမိုးဒီးယမ်းကပ်ပါးမျိုးစေ့ငါးခုကြောင့် ငှက်ဖျားရောဂါဖြစ်ပွားပါတယ်။ အပြင်းထန်ဆုံးငှက်ဖျားရောဂါက ပလပ်စမိုးဒီးယမ်းဖယ်စီပါရမ်ကြောင့်ဖြစ်ပွားပါတယ်။ ပလပ်စမိုးဒီးယမ်းဗိုင်းရပ်စ်၊ ပလပ်စမိုးဒီးရမ်းအိုဗေးနဲ့ ပလပ်စမိုးဒီးယမ်းမလေးဒီးယားတို့က ငှက်ဖျားရောဂါအပျော့စားဖြစ်စေနိုင်ပေမယ့် လူကိုသေစေလောက်တဲ့အထိ မဖြစ်နိုင်ပါဘူး။ ငါးခုမြောက်မျိုးစိတ်ဖြစ်တဲ့ ပလပ်စမိုးဒီးယမ်းနိုလပ်စီက တိရစ္ဆာန်ကနေ လူကိုကူးစက်တဲ့မျိုးစိတ်ဖြစ်တဲ့အတွက် မျောက်တွေမှာ ငှက်ဖျားရောဂါဖြစ်စေပြီး လူကိုပါကူးစက်နိုင်ပါတယ်။ ငှက်ဖျားရောဂါက သဘာဝအားဖြင့် Anopheles ခြင်အမကိုက်ပြီးရောဂါရခြင်းဖြစ်ပါတယ်။ ငှက်ဖျားရောဂါရှိသူကို ခြင်ကိုက်တဲ့အခါ ခြင်စုပ်ယူလိုက်တဲ့သွေးပမာဏအနည်းငယ်မှာ ငှက်ဖျားကပ်ပါးပိုးပါရှိသွားပါတယ်။ အဲဒီရောဂါပိုးက ခြင်မှာ ဆက်လက်ကြီးထွားနေပြီး နောက်တစ်ပတ်အကြာ တခြားရောဂါမရှိသူကို ကိုက်လိုက်တဲ့အခါ ခြင်ရဲ့တံတွေးကနေတစ်ဆင့် ရောဂါပိုးဝင်ရောက်သွားပါတယ်။ ဝင်ရောက်ပြီး နှစ်ပတ်ကနေ လပေါင်းများစွာ (တစ်ခါတစ်ရံ နှစ်များစွာ) ကြာမှ လူရဲ့အသည်းမှာနေထိုင်ပြီး ငှက်ဖျားရောဂါကပ်ပါးပိုးက လူရဲ့သွေးနီဥတွေအတွင်း စတင်အကောင်ရေပွားများလာပါတယ်။ အဲဒီလိုပွားများလာခြင်းကြောင့် ဖျားနာခြင်းနဲ့ခေါင်းကိုက်ခြင်း စတဲ့ရောဂါလက္ခဏာတွေဖြစ်လာပါတယ်။ ဆေးဝါးသေချာမကုသရင် အခြေအနေဆိုးရွားလာပြီး ဦးနှောက်ကို ငှက်ဖျားပိုးရောက်ရှိပြီး မေ့မြောခြင်းနဲ့ သေဆုံးတဲ့အထိဖြစ်နိုင်ပါတယ်။

အထက်ပါလေ့လာတွေ့ရှိချက်တွေကြောင့် ငှက်ဖျားရောဂါက စိမ့်စမ်းရေသောက်လို့ရလာတဲ့ရောဂါမဟုတ်ပါဘူး။ နှစ်ပေါင်းများစွာကြာမှ ဦးနှောက်ကို ငှက်ဖျားပိုးရောက်ပြီး တစ်ကျော့ပြန်ငှက်ဖျားရောဂါဖြစ်စေနိုင်တာကြောင့် ရခိုင်ငှက်ပျောသီး၊ တောငှက်ပျောသီးတွေစားမိချိန်နဲ့ တိုက်ဆိုင်ရင် အထင်လွဲမှားစေနိုင်ပါတယ်။ ငှက်ဖျားရောဂါမှာ တိုင်းရင်းဆေးပညာအလိုအရ ချမ်းတုန်ပြီး တက်ဖျား၊ ကျဖျားတဲ့ရောဂါမျိုးဖြစ်ပါတယ်။ ပူပြီး ဖျားခြင်းနဲ့ အေးပြီးဖျားခြင်းနှစ်မျိုးစလုံး တစ်ပြိုင်တည်းဖြစ်တတ်တဲ့ အဖျားမျိုးဖြစ်ပါတယ်။ အဖျားဆေး၊ ကိုယ်ပူကျဆေးတွေအပြင် မန်းဆေး၊ ငန်းဆေးတွေပါပေးပြီး ကုသရတဲ့အဖျားမျိုးဖြစ်ပါတယ်။

**ငှက်ဖျားဆေးနည်းများ**

၁။ အဖျားတက်ချိန်မှာ ငရုတ်ကောင်းကိုးစေ့ကို တစ်စေ့ချင်း ရေနဲ့မျိုချပါ။

၂။ ရှမ်းဆေးခါးခေါ် ဆေးခါးကြီးပြုတ်ရည်ကို အကြမ်းပန်းကန်တစ်လုံးစာ တစ်နေ့နှစ်ကြိမ် နံနက်၊ ည ၁၄ ရက်သောက်ပါ။

၃။ ကြက်အမြစ်ကို ခွေးတောက်ရွက်နဲ့ကြော်စားပါ။

၄။ ဝက်ဝံသည်းခြေကို ရှိန်းခိုနဲ့ရောပြီး ရွှေးစေ့ခန့်လုံး၍ အခြောက်လှန်းပြီး အရက်နဲ့သောက်ပေးရင် ငှက်ဖျားရောဂါပျောက်ကင်းစေပါတယ်။

၅။ စပါးကြီးသည်းခြေကို အရက်နဲ့စိမ်ပြီး နေ့စဉ်အကြမ်းပန်းကန်တစ်လုံးစာသောက်ပေးရင် နှစ်ရှည်ဖြစ်ခဲ့တဲ့ ငှက်ဖျားရောဂါပျောက်ကင်းစေပါတယ်။

၆။ ဝက်ဝံသည်းခြေကို ပျားရည်နဲ့စိမ်ပြီး ဟင်းစားဇွန်းတစ်ဇွန်းစာ နံနက်၊ ည နှစ်ကြိမ်ပုံမှန်သောက်ပေးရင် ပျောက်ကင်းစေပါတယ်။

၇။ ဗေဒါပင်ကိုနုပ်နုပ်စဉ်းပြီး ဝက်သားနဲ့ချက်စားရင် ငှက်ဖျားရောဂါပျောက်ကင်းပါတယ်။

၈။ ကြက်သားဟင်းထဲ ရှိန်းခိုထည့်ချက်စားပါ။

၉။ မဲဒီးတုပ်ခေါ် ဒေါနရွှေဝါပင်ကို ထန်းလျက်နဲ့ကျိုသောက်ရင် ငှက်ဖျားရောဂါပျောက်ကင်းစေတယ်။

၁၀။ သဲသောင်ခုံပေါ်မှာပေါက်တဲ့ ဟင်းဂလာ အရိုးပင်ကို သုံးခွက်တစ်ခွက်တင်ကျိုသောက်ရင်ချမ်းတုန်ပြီးဖျားတဲ့ငှက်ဖျားရောဂါ ပျောက်ကင်းစေနိုင်ပါတယ်။

၁၁။ ရဲယိုသီးအမှည့်ကို ထန်းဖိုထန်းလျက်(ထန်းလျက်အမည်း)နဲ့ ယိုထိုးစားပါ။

၁၂။ ဂုံခါးကို အမှုန့်ပြုလုပ်ပြီး ထမင်းစားပြီးတိုင်း အနည်းငယ်လျက်ပေးပါ။

၁၃။ ရှိန်းခိုကို လက်တစ်ဆစ်ခန့် နေ့စဉ် ဝါးစားပေးခြင်းဖြင့် ရိုးမငှက်ခေါ် တောတောင်မှရရှိတဲ့ငှက်ဖျားမျိုးကို ပျောက်ကင်းစေနိုင်ပါတယ်။

၁၄။ စပါးလင်အမြစ်ကိုထုထောင်းပြီး ရရှိတဲ့အရည်ကို အရက်နဲ့ရောပြီး သောက်သုံးရင် ချမ်းတုန်ဖျား၊ ငှက်ဖျားရောဂါတွေ ပျောက်ကင်းစေနိုင်ပါတယ်။

**ဆရာကြီးခင်ဗျာ။ ကျွန်တော်က အသက် ၄၀ ကျော်အရောင်းအဝယ်လုပ်ကိုင်သူတစ်ဦးပါ။ မကြာခဏခရီးသွားရပါတယ်။ အိမ်မှာ အစားအသောက်စားရင် ဘာမှမဖြစ်ဘဲ ခရီးသွားတဲ့အခါ ပြင်ပအစားအသောက်တွေစားမိတဲ့အခါ ဝမ်းဖောဝမ်းရောင်ဖြစ်ပြီး လေနဲ့ဝမ်းမကျွဲသလိုဖြစ်ပါတယ်။ အထူးသဖြင့် အပူအစပ်တွေစားမိရင် ဗိုက်နာပြီး လေနဲ့ဝမ်းမကျွဲဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လိုဆင်ခြင်နေထိုင်ရမယ်၊ ဘာဆေးတွေစားရမယ်ဆိုတာ ညွှန်ပြပေးပါဆရာ။**

အစာအိမ်မှာ အချဉ်ပေါက်တဲ့ရောဂါအခံရှိနေလို့ပါ။ အထူးသဖြင့် အပူအစပ်၊ လက်လုပ်ချဉ်တွေ ရှောင်ကြဉ်ရပါမယ်။ အစားအသောက်ကို ပူပူနွေးနွေးစားရင် အစာအိမ်အချဉ်ပေါက်ခြင်းမှ ကာကွယ်ပါတယ်။ အစားစားနေတဲ့အချိန် အအေးသောက်တာ၊ ရေခဲရေသောက်တာမလုပ်ပါနဲ့။ ရေနွေး သို့မဟုတ် ရေနွေးကြမ်းသောက်ပြီး ထမင်းစားပေးပါ။ လမ်းခရီးမှာ အစားအသောက်စားရင် သန့်ရှင်းမှုအလွန်နည်းတဲ့အတွက် မိမိအိမ်ကအစားအသောက်ကို ထည့်ယူသွားတာ ပိုကောင်းပါတယ်။ ညအိပ်ညနေခရီးဖြစ်လို့ ယူသွားဖို့အဆင်မပြေရင် စားတဲ့အချိန်ကျမှ ချက်ချင်းကြော်လှော်ချက်ပြုတ်ပေးတဲ့ဆိုင်မျိုးမှာစားပါ။ အစာကို ပူပူနွေးနွေးစားပါ။ အစပ်၊ အချဉ်တွေရှောင်ပါ။ စားနေကျမဟုတ်တဲ့ အစားအစာမျိုးကို မစားပါနဲ့။ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်တတ်ပါတယ်။ အစာမသန့်တဲ့အခါ အစာအိမ်အချဉ်ပေါက်လို့ လေနဲ့ဝမ်းမကျွဲတာ၊ ဝမ်းကိုက်ပိုး၊ ဝမ်းလျှောရောဂါပိုးတွေပါလို့ ဗိုက်နာတာ နှစ်မျိုးစလုံးဖြစ်နိုင်ပါတယ်။ လေနဲ့ဝမ်းမကျွဲလို့ ဗိုက်နာတဲ့အခါ အရေးပေါ်အဖြစ် အောက်ပါနည်းလမ်းတွေကိုအသုံးပြုနိုင်ပါတယ်။

၁။ ရေနွေးကြမ်းအဖန်ရည် မတ်ခွက်တစ်လုံးစာထဲကို သကြား ဟင်းစားဇွန်းသုံးဇွန်း၊ ဆားလှော် ကော်ဖီဇွန်းသေးတစ်ဇွန်းရောစပ်ပြီးသောက်ပါ။

၂။ ကောက်ညှင်းဆန်ကို ဆားအနည်းငယ်ရောပြီး နီအောင်လှော်ပါ။ လှော်ထားတဲ့ ကောက်ညှင်းဆန်ကို ထောင်းပြီး ရေအေးနဲ့စိမ်ထားပါ။ အနည်ထိုင်သွားရင် အပေါ်ရည်ကြည်ကိုခပ်ယူပြီး ရေတစ်တိုင်းသောက်ပေးပါ။ ရှေးဆေးကျမ်းများလာ ရေတတ်ဝမ်းကျ(ခေါ်) အပူဝမ်းပျက်ရောဂါကို သက်သာပျောက်ကင်းစေတဲ့နည်းဖြစ်ပါတယ်။

၃။ လေဝမ်းမကျွဲ ဝမ်းဗိုက်ရစ်နာ၊ ဗိုက်ထဲမှာ လှိုင်းထပြီး ရစ်တဲ့အနာဖြစ်ရင် ရှေးနည်းဖြစ်တဲ့ မီးဖိုချောင်မှာမှောက်ထားတဲ့ ကျပ်ခိုးစွဲနေတဲ့မြေအိုးထဲမှာ နနွင်းမှုန့်နဲ့ဆားကိုထည့်ပြီး မီးအပူပေးလှော်ထားပါ။ အဲဒီနနွင်းနဲ့ဆားလှော်ကို ရေနွေးနဲ့ထည့်ဖျော်ပြီး သောက်ရင် ဝမ်းဗိုက်နာရောဂါကို ပျောက်ကင်းစေနိုင်ပါတယ်။

၄။ လေဝမ်းမကျွဲ ဝမ်းဗိုက်ရစ်နာနေသူကို သရက်သီးစေ့အတွင်းက အဆန်ကိုကြိတ်ပြီး သကြားအနည်းငယ်ထည့်၊ ဆားအနည်းငယ်ရောပြီးကျွေးပါ။

၅။ ပိန္နဲသီးအစေ့ကို ဆားအနည်းငယ်နဲ့ရောပြုတ်ပြီး ရလာတဲ့အရည်ကိုတိုက်ပေးရင် လေနဲ့ဝမ်းမကျွဲတာကို ပျောက်ကင်းစေနိုင်ပါတယ်။

၆။ ဝမ်းလျှောတာအကြိမ်များပြီး ကြွက်တက်ရင် ငှက်ပျောပင်ရဲ့အူတိုင်ကို အရည်ညှစ်ယူပြီး ဆားလှော်အနည်းငယ်ရောစပ်တိုက်ပေးပါ။

၇။ သကြား၊ ဆားလှော်နဲ့ နနွင်းတို့ကို ရေနွေးဆူဆူမှာထည့်ဖျော်ပြီးတိုက်ရင် ဝမ်းလျှောကြွက်တက်တဲ့ရောဂါကို သက်သာစေပါတယ်။

၈။ ဝမ်းပျက်ပြီးနောက် ဝမ်းကိုက်ရောဂါဖြစ်ပြီး ဝမ်းထဲမှာ သွေးစပါရင် မာလကာရွက်ကို သကြား၊ ဆား သင့်ရုံရောပြုတ်ပြီး တိုက်ကျွေးပေးပါ။

**ကြည်လွင်မြင့်(မုဒြာ)**

## အခြေခံအင်္ဂလိပ်စာ သင်တန်းဆင်းပွဲကျင်းပ



မကွေး မတ် ၂၇

မကွေးတိုင်းဒေသကြီး မကွေးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ထနှောင်းရင်ခွင်ပရဟိတအသင်းတို့ပူးပေါင်းဖွင့်လှစ်ခဲ့သော အခြေခံအင်္ဂလိပ်စာသင်တန်းဆင်းပွဲကို မတ်လ ၂၆ ရက်က မကွေးမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ထနှောင်းရင်ခွင် ပရဟိတအသင်းမှ သင်ကြားပို့ချပေးခဲ့သောဆရာများက သင်တန်းတွင် သင်ကြားပို့ချပေးခဲ့သည့် သင်ခန်းစာများကို အကျိုးရှိရှိအသုံးပြုစေလိုကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကျောင်းသင်ခန်းစာများ သင်ကြားရာတွင်လည်း များစွာအထောက်အကူပြုသည့်အတွက် ဆက်လက်လေ့ကျင့်ကြစေလိုကြောင်း ပြောကြားသည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်စေရန်၊ အသိပညာ ဗဟုသုတတိုးပွားလာစေရန်၊ အင်္ဂလိပ်စာအခြေခံကို သိရှိနားလည်ပြီး ဆက်လက်လေ့လာသင်ယူတတ်စေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်လာစေရန်ရည်ရွယ်၍ အခြေခံအင်္ဂလိပ်စာသင်တန်းကို ရက်သတ္တသုံးပတ်ကြာ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၅၇ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးသည့် အခွင့်အရေး ဥပဒေအကြောင်း အသိပညာပေးဟောပြော

မန္တလေး မတ် ၂၇

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူး၍ အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးသည့် အခွင့်အရေးဥပဒေအကြောင်း အသိပညာပေးဟောပြောပွဲကို မတ်လ ၂၆ ရက်က ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ ဆုတောင်းရမြတ်စွာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ချမ်းအေးသာစံမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သက်စုထွန်းက အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်ဥပဒေရုံး ဒုတိယဥပဒေအရာရှိ ဒေါ်ဇင်မာထွေးက တရားမျှတမှုနှင့် အခွင့်အရေးများရရှိရေး အမျိုးသမီးများအားလုံးအတွက် ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ပေါ်ပေါက်လာပုံအကြောင်းအရာများ၊ အမျိုးသမီးအခွင့်အရေးမြှင့်တင်ခြင်း၊ အမျိုးသမီးကဏ္ဍဖွံ့ဖြိုးရေးနှင့်ကာကွယ်စောင့်ရှောက်ရေးတို့အတွက် ညွှန်ကြားချက်များချမှတ်ထားခြင်း စသည့်အကြောင်းအရာတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့မောင်(ချမ်း/စံ)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမြင်ကွင်းပုံရိပ်များ








# (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားမြင်ကွင်းပုံရိပ်များ

















# သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများလက်မှတ်ဝယ်ယူမှုအဆင်ပြေစေရန်နှင့် ယာဉ်စီးခပိုမိုတောင်းခံခြင်းမပြုလုပ်ရန် သက်ဆိုင်ရာမှ ယာဉ်လိုင်းများအားမှာကြားထားပြီးဖြစ်

ရန်ကုန် မတ် ၂၇

သင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ လိုရာခရီးသို့အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး လက်မှတ်ဝယ်ယူမှု အဆင်ပြေစေရန်နှင့် ယာဉ်စီးခပိုမိုတောင်းခံမှုမရှိစေရေး ယာဉ်လိုင်းများအားမှာကြားထားပြီးဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလအတွင်းမှာ ခရီးသွားပြည်သူတွေ လိုရာခရီးကိုအဆင်ပြေချောမွေ့စွာသွားလာနိုင်ဖို့အတွက် လက်မှတ်ဝယ်ယူမှုအဆင်ပြေစေဖို့၊ ယာဉ်စီးခပိုမိုတောင်းခံတာမျိုးမလုပ်ဖို့၊ သင့်တင့်မျှတတဲ့နှုန်းထားနဲ့ ရက်အလိုက်မှန်ကန်စွာရောင်းချဖို့၊ သတ်မှတ်ခရီးစဉ်များအတိုင်း အဆင်ပြေစွာပြေးဆွဲနိုင်ဖို့ကို အောင်မင်္ဂလာအဝေးပြေးဝင်းနဲ့ ဒဂုံ-ဧရာအဝေးပြေးဝင်းရှိ ယာဉ်လိုင်းတွေကို ကျွန်တော်တို့မှာကြားထားပြီးဖြစ်ပါတယ်။ အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်တွေကို စက်သုံးဆီ လုံလောက်ရေး နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လမ်းညွှန်ထားတဲ့အတွက် ခရီးသွားပြည်သူတွေအနေနဲ့ မစိုးရိမ်ကြဖို့လည်း ပြောကြားလိုပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်ကပြောသည်။

အောင်မင်္ဂလာတွင် ယာဉ်လိုင်းပေါင်း ၂၁၅ လိုင်း၊ ယာဉ်အစီးရေ ၁၅၆၆ စီး၊ ဒဂုံ-ဧရာတွင် ယာဉ်လိုင်းပေါင်း ၁၀၃ လိုင်း၊ ယာဉ်အစီးရေ ၇၂၄ စီးရှိကြောင်း၊ သင်္ကြန်ကာလအတွင်း ခရီးစဉ်များမှ ယာဉ်အချို့ပျက်ခြင်း၊ မမျှော်မှန်းနိုင်သောဖြစ်စဉ်များဖြစ်ပေါ်ခြင်းတို့အတွက် ယာဉ်များအချိန်မီစီစဉ်နိုင်ရန် အလှည့်ကျစနစ်ဖြင့် အရန်မော်တော်ယာဉ်များထားရှိကြောင်းနှင့် ပြေးဆွဲမည့်ယာဉ်အစီးရေထက် ခရီးသည်ပိုမိုများပြားလာပါက လိုအပ်ချက်အတိုင်း ယာဉ်များထပ်မံတိုးချဲ့ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်းလည်းသိရသည်။



ထို့အတူ သင်္ကြန်ကာလအတွင်း မြို့တွင်း YBS စီမံချက်အနေဖြင့်လည်း ယာဉ်လိုင်းကုမ္ပဏီ ၁၅ ခု၊ ယာဉ်လိုင်း ၇၁ လိုင်း၊ ယာဉ်အစီးရေ ၁၁၇၆ စီးဖြင့် သင်္ကြန်ပွဲတော်ကာလ ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အတွင်း ပုံမှန်ယာဉ်စီးခနှုန်းထားဖြင့် ပြေးဆွဲသွားမည်ဖြစ်သည်။

မဟာသင်္ကြန်ကာလအတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေးအတွက် မော်တော်ယာဉ်များ ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်မတော်တဆမှုမဖြစ်စေရေး၊ လမ်းခရီးတွင် ယာဉ်ချွတ်ယွင်းမှုမရှိစေရေး မော်တော်ယာဉ်များ ပုံမှန်ယာဉ်စီးခနှုန်းထားများ၊ သင့်တင့်မျှတသောဈေးနှုန်းများဖြင့်ပြေးဆွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။

ဝန်းရံခ

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၃˚c / ၃၈˚c |
| ရန်ကုန် | ၂၃˚c / ၃၉˚c |
| မန္တလေး | ၂၂˚c / ၃၉˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အမျိုးသမီးများကို တရုတ်နိုင်ငံသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူခဲ့သူများနှင့် အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ်ဆောင်ရွက်ရန် လိမ်လည်စည်းရုံးခေါ်ဆောင်သူများအား လူကုန်ကူးမှုဖြင့်အလုပ်နှင့်ထောင်ဒဏ်များချမှတ်

နေပြည်တော် မတ် ၂၇

အမျိုးသမီးများကိုတရုတ်နိုင်ငံသားများနှင့်ပေါင်းသင်းနေထိုင်စေပြီး ငွေကြေးအကျိုးအမြတ်ခေါင်းပုံဖြတ်ရယူခဲ့သူများနှင့် အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ်ဆောင်ရွက်ရန် လိမ်လည်စည်းရုံးခေါ်ဆောင်သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်များ ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် ခရေပင်ရိပ်မွန်အိမ်ရာတွင် မမေမြတ်သူ(ခ)မေသူနှင့်တရုတ်နိုင်ငံသား Mr. SHAOXUAN တို့ လင်မယားသည် မြန်မာအမျိုးသမီးများကို တရုတ်နိုင်ငံသားများနှင့်လက်ထပ်ပေါင်းသင်းစေပြီး ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူလျက်ရှိကြောင်း သတင်းရရှိသဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တပ်ဖွဲ့ဝင်များက ပူးပေါင်းအဖွဲ့နှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ မြန်မာအမျိုးသမီးသုံးဦးကို တရုတ်နိုင်ငံသားသုံးဦးနှင့်အတူတွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်မှာ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်နေ အမျိုးသမီးတစ်ဦးကို သူငယ်ချင်းဖြစ်သူ အေးအေးထွေးက တရုတ်နိုင်ငံသားနှင့်လက်ထပ်ပါက ငွေကျပ်သိန်း ၁၀၀ ရရှိမည်ဖြစ်ပြီး ရွှေတစ်ဆင်စာပေးမည်ဖြစ်ကြောင်း၊ ကြိုတင်ငွေသိန်း ၂၀ ပေးမည်ဟုပြောဆိုစည်းရုံးခဲ့ကြောင်း၊ ကရင်ပြည်နယ် မြဝတီမြို့နေ အမျိုးသမီးတစ်ဦးသည် လူမှုကွန်ရက် TikTok ၌ အလုပ်အကိုင်ရှာဖွေခဲ့ရာ အမည်မမှတ်မိအကောင့်တစ်ခုမှ အထက်ပါအတိုင်း စည်းရုံးခဲ့ပြီး ရန်ကုန်သို့လာရောက်ရန် ခေါ်ဆောင်သဖြင့် သွားရောက်ခဲ့ရာ မသဥ္ဇာဝင်း၊ နှင်းဝေခိုင်၊ မလဲ့ရည်ဝင်းတို့နှင့်တွေ့ဆုံခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နေ အမျိုးသမီးတစ်ဦးက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်နေ တရုတ်မ(ခ)မသန်းသန်းစိုးထံ ဖုန်းဖြင့်ဆက်သွယ်၍ အလုပ်လုပ်ကိုင်လိုကြောင်းပြောဆိုခဲ့ရာ အလားတူစည်းရုံးခံခဲ့ရကြောင်း၊ ထို့နောက် ၎င်းအမျိုးသမီးသုံးဦးကို စည်းရုံးခဲ့သူအသီးသီးမှ မမေမြတ်သူ(ခ)မေသူနှင့် တရုတ်နိုင်ငံသား Mr. SHAOXUAN တို့ လင်မယားနေထိုင်သည့် အိမ်ရာသို့ပို့ဆောင်ပေးခဲ့ရာ အမျိုးသမီးတစ်ဦးစီသည် တရုတ်နိုင်ငံသား Mr. Qin Weifeng၊ Mr.Chen Li Bing နှင့် Mr. Shang Xu Dong ဆိုသူတို့နှင့်တစ်ဦးစီ ပေါင်းသင်းနေထိုင်ခဲ့ရကြောင်း၊ မမေမြတ်သူ (ခ)မေသူနှင့် တရုတ်နိုင်ငံသား Mr. SHAOXUAN တို့လင်မယားက တရုတ်နိုင်ငံသားများထံမှ တရုတ်ယွမ် ၄၀၀၀၀ စီ ရယူခဲ့ပြီး မြန်မာအမျိုးသမီးများကို ငွေကျပ်သိန်း ၄၀ ခန့်နှင့် လာရောက်ပို့ဆောင်ပေးသူများကို ငွေကျပ်ငါးသိန်းမှ ၁၀ သိန်းခန့်စီပေးခဲ့ပြီး ကျန်ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြောင်း စိစစ်သိရှိရသဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မင်္ဂလာဒုံမြို့မရဲစခန်း(ပ)၁၈၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး မတ်လ ၂၄ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှ တရားခံ မမေမြတ်သူ(ခ)မေသူနှင့် တရုတ်နိုင်ငံသား Mr. SHAOXUAN တို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီ၊ တရုတ်နိုင်ငံသား Mr. Qin Weifeng၊ Mr.Chen Li Bing၊ Mr. Shang Xu Dong၊ မသဥ္ဇာဝင်း၊ မနှင်းဝေခိုင်နှင့်မလဲ့ရည်ဝင်းတို့ခြောက်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အေးအေးထွေးနှင့်တရုတ်မ(ခ)သန်းသန်းစိုးတို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/ ၄၄/ ကျင့် ၅၁၂ အရ ၈၇/ ၈၈ အတည်ပြုထုတ်ဆင့်ခဲ့သည်။

အလားတူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ရွာဟောင်းကန်ကျေးရွာနေ အမျိုးသမီးတစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာနေ မအေးချမ်းမြေ့နှင့်ရှမ်းပြည်နယ်တောင်ကြီးမြို့နယ်အေးသာယာမြို့ အမှတ်(၃)ရပ်ကွက်နေ မယမင်းထက်(ခ)မထက်တို့နှစ်ဦးက တရုတ်နိုင်ငံ ရွှေလီမြို့ရှိထမင်းဆိုင်၌ အလုပ်လုပ်လိုပါက တစ်လလျှင် ယွမ် ၃၅၀၀၊ မြန်မာငွေကျပ် ၁၈ သိန်းခန့်ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ တရုတ်နိုင်ငံသို့ပို့ဆောင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံရှိ အမည်မသိ တရုတ်ပွဲစားအမျိုးသမီး၏နေအိမ်တွင်နေထိုင်စဉ် မယမင်းထက်(ခ)မထက်က Wechat မှတစ်ဆင့်တရုတ်ယောက်ျားယူရမည်၊ ယွမ် ၃၀၀၀၀ ရမည်၊ တစ်နှစ်ပေါင်းသင်းရမည်ဟု ပြောကြားခဲ့ကြောင်း၊ ၎င်းမှတရုတ်ယောက်ျားမယူလိုဘဲ နေအိမ်သို့ပြန်လိုကြောင်း ပြောကြားခဲ့ရာ လမ်းခရီးကုန်ကျစရိတ်များအား ပေးလျော်ရမည်ဟုပြောကြားခဲ့ကြောင်း၊ ထို့နောက် တရုတ်ပွဲစားအမျိုးသမီး၏နေအိမ်မှထွက်ပြေးကာ ၎င်းနှင့်ရင်းနှီးသူတစ်ဦး၏နေအိမ်တွင် တစ်လခွဲခန့် ရှောင်တိမ်းနေထိုင်စဉ် တရုတ်ရဲတပ်ဖွဲ့က လာရောက်ခေါ်ဆောင်ခဲ့ပြီး မြန်မာနိုင်ငံသို့ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၁၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် စက်မှုနယ်မြေရဲစခန်း(ပ)၁၁၀/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ပို့ခဲ့ပြီး မတ်လ ၂၄ ရက်တွင် မဟာအောင်မြေခရိုင်တရားရုံးမှ တရားခံ ယမင်းထက်(ခ)မထက်ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အေးချမ်းမြေ့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု အင်တန်းကျေးရွာနေ အမျိုးသမီးတစ်ဦးက မှတ်ပုံတင်ပြုလုပ်လို၍ အဒေါ်ဖြစ်သူ ဒေါ်နှင်းယုလွင်အား ဆက်သွယ်ခဲ့ရာ အဒေါ်ဖြစ်သူက ခရေပင်ရိပ်မွန်အိမ်ရာအတွင်းရှိ တိုက်အမှတ်(၁၀၂)သို့ ရောက်ရှိနေကြောင်း ပြောဆိုသဖြင့် အဆိုပါနေအိမ်သို့သွားရောက်ခဲ့ရာ အဒေါ်ဖြစ်သူအားမတွေ့ရှိဘဲ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက်နေ မမေမြတ်သူ(ခ)မေသူနှင့်ခင်ပွန်းဖြစ်သူ တရုတ်နိုင်ငံသား Mr. SHAOXUAN တို့အားတွေ့ရှိခဲ့ပြီး မမေမြတ်သူ(ခ)မေသူက ၎င်းအား တရုတ်ယောက်ျားယူပါက တင်တောင်းငွေကျပ်သိန်း ၁၀၀ ရရှိမည်၊ လက်ဝတ်ရတနာများ ဆင်ပေးမည်ဟု ပြောဆိုစည်းရုံးသဖြင့် သဘောတူခဲ့ကြောင်း၊ တစ်ပတ်ခန့်အကြာတွင် မမေမြတ်သူ(ခ)မေသူက ကြိုတင်ငွေကျပ်သိန်း ၂၀ ပေးခဲ့ပြီး တရုတ်နိုင်ငံသား Mr.Li Wei နှင့် ပေါင်းသင်းနေထိုင်ခဲ့ရကြောင်း၊ ငါးလခန့် ပေါင်းသင်းနေထိုင်စဉ် မမေမြတ်သူ(ခ)မေသူက နိုင်ငံကူးလက်မှတ်စာအုပ်ပြုလုပ်ပေးခြင်း၊ ဗီဇာလျှောက်ထားခြင်း၊ ရွှေလက်စွပ်၊ ရွှေနားကပ်ပြုလုပ်ပေးခြင်းတို့ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်နိုင်ငံသားက မမေမြတ်သူ(ခ)မေသူအား အကျိုးဆောင်ခအဖြစ် ယွမ် ၄၀၀၀၀ ပေးခဲ့ရကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မင်္ဂလာဒုံမြို့မရဲစခန်း(ပ)၁၈၁/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ပို့ခဲ့ပြီး မတ်လ ၂၄ ရက်တွင် မင်္ဂလာဒုံခရိုင်တရားရုံးမှတရားခံ မေမြတ်သူ(ခ)မေသူနှင့် Mr. SHAOXUAN တို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်စီ၊ တရားခံတရုတ်နိုင်ငံသား Mr.Li Wei အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၆ ခုနှစ် ဧပြီလ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် မတ် ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၉ ရက်မှ ၁၂ ရက်ခန့်၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၈ ရက်ခန့်နှင့် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဧပြီလပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ၅ ပေမှ ၇ ပေခန့်၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၃ ပေခန့်စီ၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ၂ ပေခန့်နှင့် မဒေါက်မြို့တွင် ပေဝက်ခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၂ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ (မိုး/ဇလ)

# ၂၀၂၆ ခုနှစ် မတ်လ ၂၆ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၂၈-၃-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၄၅၀ | ၄၅၆၅ | ၄၅၃၀ | ၄၄၆၅ | ၄၅၇၀ | ၄၅၈၅ | ၄၆၀၅ | ၄၅၂၀ | ၄၅၀၅ | ၄၈၁၅ | ၄၅၄၀ | ၄၈၂၅ | ၄၆၁၀ | ၄၅၇၅ | ၄၆၀၀ | ၄၈၅၅ |
| 95 Ron | ၄၉၇၅ | ၅၀၉၀ | ၅၀၅၅ | ၄၉၉၀ | ၅၀၉၅ | ၅၁၁၀ | ၅၁၃၀ | ၅၀၄၅ | ၄၅၆၀ | ၅၃၄၀ | ၅၀၆၅ | ၅၁၉၅ | ၅၁၃၅ | ၅၁၀၀ | ၅၁၂၅ | ၅၃၈၀ |
| HSD (500 ppm) | ၅၄၅၀ | ၅၅၆၅ | ၅၅၃၀ | ၅၄၆၅ | ၅၅၇၀ | ၅၅၈၅ | ၅၆၀၅ | ၅၅၂၀ | - | ၅၈၁၅ | ၅၅၄၀ | ၆၃၉၅ | ၅၆၁၀ | ၅၅၇၅ | ၅၆၀၀ | ၅၈၅၅ |
| HSD (50 ppm) | ၆၀၈၅ | ၆၂၀၀ | ၆၁၆၅ | ၆၁၀၀ | ၆၂၀၅ | ၆၂၂၀ | ၆၂၄၀ | ၆၁၅၅ | ၄၈၃၀ | ၆၄၅၀ | ၆၁၇၅ | ၆၄၂၀ | ၆၂၄၅ | ၆၂၁၀ | ၆၂၃၀ | ၆၄၉၀ |
| HSD (10 ppm) | ၆၀၈၅ | ၆၂၀၀ | ၆၁၆၅ | ၆၁၀၀ | ၆၂၀၅ | ၆၂၂၀ | ၆၂၄၀ | ၆၁၅၅ | - | ၆၄၅၀ | ၆၁၇၅ | ၆၄၂၀ | ၆၂၄၅ | ၆၂၁၀ | ၆၂၃၀ | ၆၄၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၃၄ | ၄၃၅၂ |
| 95 Ron | ၄၇၄၂ | ၄၈၇၀ |
| HSD (500 ppm) | ၅၂၀၂ | ၅၃၃၆ |
| HSD (50 ppm) | ၅၈၁၆ | ၅၉၆၂ |
| HSD (10 ppm) | ၅၈၁၆ | ၅၉၆၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇–၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇–၄၁၁၂၈၂၊ ၀၉–၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**ဖခင်အမည်မှန်**

ဘားအံမြို့နယ်၊ နေခင်လုံကျေးရွာ၊ Grade-8 မှ မနန်းဝင်းဆက်ဆက်ကျော်၏ဖခင်အမည်မှန်မှာ ဦးကျော်ရွှေ ၁၃/တကန (နိုင်)၁၄၁၆၃၉ ဖြစ်ပါကြောင်း။

ဦးကျော်ရွှေ

**ပျောက်ဆုံးကြောင်း**

မြတ်ခိုင်ကြည်(ဘ)ဦးကျော်လှ ၇/သကန(နိုင်)၁၁၀၂၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၇၇၅၇၇၅၅၀၁

**ပျောက်ဆုံးကြောင်း**

JMဆိုင်းကရီအောင်(ဘ)ဦးအောင်ဖုန်း ၁/ဗမန(နိုင်)၀၇၆၅၄၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MC 079140)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၀၈၈၃၃၄၀၂

**ပျောက်ဆုံးကြောင်း**

ဒေါ်ဒါရှီခေါန်ဂျာ(ဘ)ဦးဒါရှီဂမ်ဇေး ၁/မစန(နိုင်)၀၁၅၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၀၈၈၃၃၄၀၂

**အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**

မောင်ကျော်အောင်(ဘ)ဦးရုံးဖန် ၁/ဗမန(နိုင်)၀၆၆၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 295181)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၀၈၈၃၃၄၀၂

**ပျောက်ဆုံးကြောင်း**

မအင်ပြင်ဘန်ထွယ်(ဘ)ဦးအင်ပြင်လနီး ၁/မခဘ(နိုင်)၀၁၀၈၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 783705)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၄၀၈၈၃၃၄၀၂

**ပျောက်ဆုံးကြောင်း**

ဇော်မျိုးသက်(ဘ)ဦးမောင်ကို ၅/မရန(နိုင်)၁၅၆၁၀၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း–၀၉–၆၇၀၈၁၄၇၈၄


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိုပန်းအပိုင်းအနီးဇေယျသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၀၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com


နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။
TBB,TBR,PCR တာယာ အရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
ဆိုင်ကယ်တာယာ
ကားတာယာ
သုံးဘီးတာယာ
ပင်ရင်းအရောင်းဌာန -ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

❖ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကိုဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်းနေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လို. . .

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင်ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြု

နေပြည်တော် မတ် ၂၇

ယနေ့တွင်ကျရောက်သည့် (၈၁) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြုခြင်းအခမ်းအနားကို ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်း တက်ရောက်၍ ဂုဏ်ပြုပန်းခြင်းချအလေးပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့်အတူ

စာမျက်နှာ ၅ ကော်လံ ၃ ▲





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူစိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် အသက်စွန့်လှူတ်ပေးလှူခဲ့ရသည့် သူရဲကောင်းစစ်သည်များအား သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ဂုဏ်ပြုပန်းခြင်းချအလေးပြုစဉ်။

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၈၁)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့တက်ရောက်ကြမည့် လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်များအား ဂါရဝပြုတွေ့ဆုံ

စာ - ၅ သို့

## ၂၀၂၆ ခုနှစ် ဧပြီလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

စာ - ၁၀ သို့

# ခရီးသည်နှင့်ကုန်စည်သယ်ယူပို့ဆောင်ရေး လွယ်ကူလျင်မြန်ချောမွေ့စွာသွားလာနိုင်ရန်အတွက် ပဲခူး - မော်လမြိုင် ရထားလမ်းပိုင်း အဆင့်မြှင့်တင်မွမ်းမံဆောင်ရွက်လျက်ရှိ



နေပြည်တော် မတ် ၂၇

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများပြေးဆွဲပေးလျက်ရှိပြီး ခရီးသည်နှင့်ကုန်စည်သယ်ယူပို့ဆောင်ရေး လွယ်ကူလျင်မြန်စေရန် ရထားလမ်း၊ တံတားနှင့် အခြေခံအဆောက်အဦများအဆင့်မြှင့်တင်ပြုပြင်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် နိုင်ငံတော်ယာယီသမ္မတ၏လမ်းညွှန်ချက်အရ ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအား တာပေါင်အကျယ် ကျဉ်းနေသောနေရာများမြေဖို့ခြင်း၊ တစ်မိုင်လျှင် ကျင်း ၅၀၀ ကျောက်ဖြည့်တင်းခြင်း၊ လမ်းပိုင်းအားကျောက်ပက်ကင်ရိုက်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ

စာမျက်နှာ ၂၅ ကော်လံ ၁ ➤

နိုင်ငံတကာသတင်း စာ - ၂၄ သို့

## အမေရိကန်နှင့် အစ္စရေးတို့၏ မဟာမိတ်သင်္ဘောများကို ဟော်မုဇ်ရေလက်ကြားမှ ဖြတ်သန်းခွင့်မပြုကြောင်း အီရန်ထုတ်ပြန်

..........................

## ကမ္ဘောဒီးယားတွင် လောင်စာဆီဈေးနှုန်းမြင့်တက်စဉ် လျှပ်စစ်ကားများပိုမိုရေပန်းစားလာ